ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ စနေနေ့၊ (11-10-2008) (၅၈၂၈)

## နှုတ်ဆက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခဒေါက်တာအီယာဂျူဒင် အာမက်အား ဒါကာမြို့ရှိ Bangabhaban သမ္မတအိမ်တော်၌ တွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာဂျူဒင်အာမက်အား တွေ့ဆုံနှုတ်ဆက် နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာဂျူဒင်အာမက်အား အောက်တိုဘာ ၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဒါကာမြို့ရှိ Bangabhaban သမ္မတအိမ်တော်သို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သမ္မတအိမ်တော်သို့ရောက်ရှိကြရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာဂျူဒင်အာမက်က ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ပါမောက္ခ ဒေါက်တာအီယာဂျူဒင်အာမက်တို့သည် ချစ်ကြည်ရေးလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ယင်းတွေ့ဆုံနှုတ်ဆက်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆



## တွေ့ဆုံ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ် ချုပ် မှူး ကြီး မောင်အေး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာ ဂျူဒင်အာမက်အား ဒါကာ မြို့ရှိ Bangabhaban သမ္မတ အိမ်တော်၌ တွေ့ဆုံ နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

ကြေးမုံ
The Mirror
၁၁-၁၀-၂၀၀၈
(စနေနေ့)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် ရင်းနှီးချစ်ကြည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးတက်မြှင့်တင်နိုင်

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် သမိုင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲ နေထိုင်လာခဲ့ကြသည့် အိမ်နီးချင်း နိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံအကြား ခေါင်းဆောင်များ အပြန်အလှန် လည်ပတ်လျက်ရှိရာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်လာနိုင်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ အောက်တိုဘာလ ၇ရက်နေ့က ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခရီးစဉ်အတွင်း အောက်တိုဘာလ ၇ ရက်နေ့ ညနေပိုင်းက ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက် ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၌ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်က အောက်တိုဘာလ ၇ ရက်နေ့ ညပိုင်းတွင်ဒါကာမြို့၌ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ရာ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးက **"မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့် ခိုင်မာလာစေရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးကို တိုးတက်မြှင့်တင်ရန် အစဉ်အမြဲ အလေးထားပါကြောင်း"** မိန့်ခွန်းပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက်ကလည်း **"မိမိတို့သည် နှစ်နိုင်ငံနှင့်သက်ဆိုင်သော အကျိုးတူကိစ္စရပ်များအပေါ် အကျိုးရှိရှိ ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ် မကျသင့်စေရန် ရှောင်ရှားရေး သဘောတူညီချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ နောက်ထပ်အခြားသဘောတူညီချက်များကိုလည်း မကြာခင်ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း"** ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် တူညီသော စီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်နေရသော ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ရာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတွင်တိုးချဲ့ ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဖော်ဆောင်မှုများတွင် တိုးတက်မြှင့်တင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ ။




# ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အခမ်းအနား နေပြည်တော်၌ ကျင်းပ

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ (World Sight Day) အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(ကျန်းမာရေး)

နေပြည်တော် အောက်တိုဘာ ၁၀

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ (World Sight Day)အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ နှစ်စဉ် အောက်တိုဘာလ၏ ဒုတိယပတ် ကြာသပတေးနေ့ကို ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့အဖြစ် သတ်မှတ်ကျင်းပရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၉၉ ခုနှစ်တွင် ကြေညာခဲ့ကြောင်း၊ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံတိုင်းက ၎င်းနေ့တွင် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပလျက်ရှိကြောင်း၊ ရည်ရွယ်ချက်မှာ မျက်စိကွယ်ခြင်းနှင့် မျက်စိမှုန်ခြင်းများသည် အပြည်ပြည်ဆိုင်ရာပြည်သူ့ကျန်းမာရေး ပြဿနာတစ်ခုဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံးသိရှိနားလည်လာရန်၊ မျက်မမြင်ကာကွယ်ကုသရေးလုပ်ငန်းများ လက်ရှိအခြေအနေထက် အရှိန်အဟုန် တိုးတက်ဆောင်ရွက်လာစေရန်နှင့်ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကြောင့် မျက်မမြင် ဖြစ်ပွားမှု လျော့နည်းပပျောက်သွားစေရန် ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေး စီမံကိန်းကို ၁၉၆၄ ခုနှစ်မှာ စတင်ခဲ့ကြောင်း၊ ထိုစဉ်အခါက မျက်စိကွယ်ခြင်းကို ဖြစ်စေသောအဓိကအကြောင်းအရင်းမှာ မျက်ခမ်းစပ်ရောဂါဖြစ်ပြီး၊ရောဂါဖြစ်ပွားမှုနှုန်းမှာ ၄၃ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း၊ နိုင်ငံတော်က ကျေးလက်ဒေသအထိ ရေရရှိအောင် ဆောင်ရွက်ပေးမှုများ၊ ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အဘက်ဘက်မှ ပံ့ပိုးမှုများ၊ မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးစီမံကိန်းဝန်ထမ်းများက တက်ကြွစွာ ဆောင်ရွက်မှုများကြောင့် မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုနှုန်းသည် ယခုအခါ ၁ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ရာခိုင်နှုန်းထိသာရှိပါတော့ကြောင်း။

ယခုအခါ အကြောင်းအမျိုးမျိုးကြောင့်မျက်စိကုဌာနများသို့လာရောက်၍ ကုသမှုမခံယူနိုင်သော မျက်စိဝေဒနာရှင်များအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၏ ပံ့ပိုးကူညီမှုများဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများသည် မြို့နယ်ကျေးရွာများအထိဆင်း၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှု၊ အတွင်းတိမ်၊ ရေတိမ်များခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနေကြောင်း၊၂၀၀၇ခုနှစ်တွင် သုံးခွ၊ ရေနံချောင်း၊ တောင်သာ၊ ကွမ်းခြံကုန်း၊ မလှိုင်၊ မအူပင်၊ တောင်ငူမြို့များ အပါအဝင် မြို့ကြီး ၂၆ မြို့တို့တွင် အတွင်းတိမ်လူနာပေါင်း ငါးထောင့်ရှစ်ဆယ်လေးယောက်ကို အခမဲ့ ကွင်းဆင်းခွဲစိတ် ကုသပေးခဲ့ကြောင်း၊ ကလေးသူငယ်များ မျက်မမြင်ခြင်းကို ဖြစ်စေသော ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကို ကာကွယ်ကုသရန်အတွက်အခြေခံကျန်းမာရေးဝန်ထမ်းများအား ကလေးသူငယ်များတွင် အဖြစ်များသော မျက်စိရောဂါများအကြောင်းပဏာမမျက်စကျန်းမာရေး စောင့်ရှောက်မှုသင်တန်းများပေးခြင်း၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းများတွင် မျက်စိစစ်ဆေးခြင်း ဆောင်ရွက်လျက်ရှိကြောင်း။

သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများအပြင် ပြည်သူတစ်ရပ်လုံးက အရှိန်အဟုန်မြင့်စွာ ပူးပေါင်းဆောင်ရွက်မှသာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်တစ်ခုဖြစ်သောသက္ကရာဇ် ၂၀၂၀ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသောမျက်မမြင်ရောဂါများလျော့နည်း ပပျောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်၍ အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Prof, Adik Wibowo က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ " Eyes on the future fighting Vision Impairment in Later Life"ဖြစ်ပြီး "မျက်စိရောဂါတိုက်ဖျက်ပါ၊ အနာဂတ်ဘဝ အလွန်သာယာ" ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




# IBTC နှင့်ကုမ္ပဏီစုမှ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

IBTC နှင့် ကုမ္ပဏီစုမှ ထုတ်လုပ်သော Grand Royal ကုန်ပစ္စည်းနှင့်ပတ်သက်၍ စားသုံးသူကံစမ်းမဲ စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် International Beverages Trading Co.,Ltd. ၏ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်က**(အပေါ်ပုံ)** ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စားသုံးသူကံစမ်းမဲအစီအစဉ်နှင့် ပတ်သက်၍ Brand Manager ဦးမျိုးရာဇာက အသေးစိတ်ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများအား ကံစမ်းမဲများ ဖွင့်ပေးသည်။ စားသုံးသူကံစမ်းမဲ အစီအစဉ်သည် ကံစမ်းမဲကာလတွင် ထုတ်လုပ်ဖြန့်ချိသော Grand Royal ကုန်ပစ္စည်း၏ အဖုံးတွင် နံပါတ်များရိုက်နှိပ်ထားပြီး ချက်ချင်းပေါက် ကံစမ်းမဲနှင့် အဖုံးနှစ်ခု သို့မဟုတ် သုံးခုတွဲဖက်၍ ရရှိနိုင်သည့် ကံစမ်းမဲဟူ၍ ဆုငွေများကို သတ်မှတ်ထားသည်။ ကံစမ်းမဲကာလမှာ အောက်တိုဘာ ၈ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိဖြစ်ပြီး ပေါက်မဲများကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ လဲလှယ်ပေးသွားမည်ဖြစ်သည်။

ကံစမ်းမဲအစီအစဉ်နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဦးမျိုးရာဇာ Brand Manager (IBTC) အမှတ်(၁၈) ပြည်လမ်း(၇)မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၆၆၂၅၁၂၊ ၆၆၇၆၀၃၊ ၆၅၂၃၇၀၊၆၅၁၇၆၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၅) အမှတ်(၂၂) ထွက်ပြီ

**ရန်ကုန် အောက်တိုဘာ ၁၀**

ယခုတစ်ပတ် သတင်းဂျာနယ်တွင် လေဘေးသင့်ဒေသ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ၊ လမ်းများအစဉ်ကောင်းမွန်ရေး သက်ဆိုင်ရာ အင်ဂျင်နီယာများတွင် အဓိကတာဝန်ရှိ၊ မည်သည့်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည်ဖြစ်စေ နိုင်ငံအကျိုးကို ရှေးရှုဆောင်ရွက်၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် သဘော်ကြီးများလေတိုက်နှုန်းအလိုက် အလံအရောင်များ ခွဲခြားတပ်ဆင်မည်၊ အရေးပေါ်အချိန်တွင် ကလေးမွေးစားပါက နိုင်ငံတကာဥပဒေအရ ထိရောက်စွာ အရေးယူနိုင်၊ ကုန်စည်ဒိုင်များအားလုံး၏ ရောင်းဝယ်မှုများကို ပိဿာစနစ်ဖြင့် တစ်ပြေးညီပြောင်းလဲ အသုံးပြုမည် အစရှိသည့် သတင်းများနှင့်အတူ တောင်ကြာ(သို့) ကယားပြည်နယ်ရဲ့ အမယ်သစ်ထွက်ကုန်၊ စီးကရက်စက်ရုံ ၁၅၀၀ အင်ဒိုနီးရှား အစိုးရပိတ်ပစ်၊ မလေးရှား စားအုန်းဆီ တင်ပို့မှု ပမာဏကျဆင်း၍ ဈေးနှုန်းလည်းကျဆင်း အစရှိသည့် နိုင်ငံတကာ စီးပွားရေးသတင်းများ၊ ကန်ကိုရေဖြည့်ချင်သူ၊ အဖြူကို မည်သူအနက်ဆိုးသနည်း၊ နှစ်ပင်ဆိုင်က မခင်လေး၊ မဏိရတနာပီတိ၊ လက်တွဲညီညီ ဝိုင်းကူမယ်၊ ဘတ်စ်ကားပေါ်မှာ အစရှိသည့် ရသဆောင်းပါးများ ပါရှိသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းစာအုပ်ဆိုင်၊စာပေဗိမာန်၊ဝါမိုးအောင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ စိမ်းလဲ့ရွှေပြည်ဂျာနယ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒါကာမြို့ရှိ ဆာဗားအမျိုးသား အာဇာနည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆာဗားအမျိုးသားအာဇာနည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြု

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်ခင်ဇော်နှင့် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးတို့ လိုက်ပါလျက် အောက်တိုဘာ ၈ရက် နံနက် ၈နာရီ ၃၅မိနစ်တွင် ဒါကာမြို့ရှိ ဆာဗားအမျိုးသားအာဇာနည်ဗိမာန်သို့ ရောက်ရှိရာ Ministry of Home, Shipping and Liberation War Affairs တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ် M.A Matir နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အမျိုးသားအာဇာနည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အမျိုးသားအာဇာနည်ဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အမျိုးသားအာဇာနည်ဗိမာန်၌ အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးသည်။ (သတင်းစဉ်)

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အမှတ်တရ
သစ်ပင်စိုက်ပျိုး



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဒါကာမြို့ရှိ ဆာဗားအမျိုးသားအာဇာနည်ဗိမာန်၌ အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၀-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ "အရေးကြီးဆုံးစိတ်တစ်စိတ်" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၈း၀၅ - ၂း၀၅ Activities In The City (အင်းလေးဖောင်တော်ဦးဘုရားဒေသစာရီကြွချီခြင်းကို ရည်စူးပူဇော်ခြင်းမင်္ဂလာ)
၈း၁၅ - ၂း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၀ - ၂း၄၀ မှောင်သော်လည်းလင်းနိုင်စွမ်းရှိသူများ
၈း၅၀ - ၂း၅၀ Diploma Guide (Diploma in Business IT အကြောင်းသိကောင်းစရာ)
၉း၀၀ - ၃း၀၀ ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ
၉း၁၅ - ၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅ စေတနာအပေါင်း ချေညောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ
၉း၅၅ - ၃း၅၅ Yangon Panorama (Corècana Cosmeticsကုန်ပစ္စည်းမိတ်ဆက်ပွဲအခမ်းအနား)
၁၀း၁၅ - ၄း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀ - ၄း၂၀ MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာဒဂုန်နှင့်တွေ့ဆုံခြင်း)
၁၀း၄၅ - ၄း၄၅ တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀ မိုးလေဝသခန့်မှန်းချက်
၁၀း၅၅ - ၄း၅၅ ငါးမှပေးသောValue Artist
၁၁း၁၀ - ၅း၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀ Music Talk တေးသစ်တေးဟောင်းအကြောင်းအစုံစုံ (မိဘမေတ္တာ)
၁၁း၃၀ - ၅း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅ သွားမယ်စားမယ် (Bua Thai Restaurant)
၁၁း၅၅ - ၅း၅၅ မိခင်နို့တိုက်ကျွေးခြင်းအကျိုးကျေးဇူးများနှင့်မယ်လမင်းဓာတ်ပါဝင်နေသောအစားအစာများ(ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသော်ဇင်၊ ဒေါက်တာအေးအေးသိန်း)
၁၂း၂၀ - ၆း၂၀ တေးဂီတအစီအစဉ်
၁၂း၃၅ - ၆း၃၅ Own Creative Fashion
၁၂း၅၅ - ၆း၅၅ တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

World Cup Qualifier ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၀း၄၀ | England - Kazakhstan | Star Sports(Live) |



အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကင်ဒါဟာပြည်နယ်တွင် ကနေဒါစစ်ဘက်ယာဉ်တန်းအား အသေခံဗုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားသည့်နေရာကို နေတိုးဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်နစ္စတန်တွင် တိုက်ပွဲဖြစ်ပွား စစ်သွေးကြွ ၁၂ဦးနှင့် အရပ်သား ၁၀ဦး သေဆုံး

**ကဘူး အောက်တိုဘာ ၉**

အာဖဂန်နစ္စတန်တောင်ပိုင်း ဥရုဇဂန်ပြည်နယ်တွင် အောက်တိုဘာ ၈ ရက်ညက အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့နှင့် အာဖဂန်အစိုးရတပ်ဖွဲ့များအား စစ်သွေးကြွများက တိုက်ခိုက်ရာ စစ်သွေးကြွ ၁၂ ဦးနှင့် အရပ်သား ၁၀ ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အာဖဂန်တပ်ဖွဲ့ဝင် (သို့မဟုတ်) နိုင်ငံစုံတပ်ဖွဲ့မှ သေကျေပျက်စီးမှုများကို သတင်းထုတ်ပြန်ခြင်း မပြုပေ။

နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကင်းလှည့်နေစဉ် စစ်သွေးကြွများက လက်နက်ငယ်များ၊ မော်တာများ၊ ဒုံးလက်နက်များနှင့် ပစ်ခတ်တိုက်ခိုက်ကြောင်း စစ်ဘက်မှ ကြေညာချက်တွင် ဖော်ပြထားသည်။

ပူးပေါင်း ကင်းလှည့်အဖွဲ့သည် စစ်သွေးကြွများကို လက်နက်ငယ်များ၊ ဒုံးလက်နက်များနှင့် ပြန်လည်ပစ်ခတ်ခဲ့ရာ စစ်သွေးကြွ ၁၂ဦးသေဆုံးကြောင်း ထပ်မံဖော်ပြထားသည်။

သူပုန်များပစ်လိုက်သော ကျည်ဆန်များသည် ထိုဒေသရှိ အရပ်ဘက်နေအိမ်တစ်လုံးကိုထိမှန်ရာ အရပ်သား ၁၀ ဦး သေဆုံးပြီး အမျိုးသမီးသုံးဦးနှင့် ကလေးခြောက်ဦးတို့ ဒဏ်ရာရရှိသောကြောင့် နိုင်ငံစုံတပ်ဖွဲ့ဆေးရုံသို့ တင်ပို့ထားရသည်။

***အင်တာနက်။***

## အမေရိကန်လေကြောင်း တိုက်ခိုက်မှုများကြောင့် အာဖဂန်နစ္စတန်၌ အရပ်သား ၃၀ သေဆုံး

**ဝါရှင်တန် အောက်တိုဘာ ၉**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် အမေရိကန်စစ်ဘက်က ဩဂုတ်လ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ရာ အရပ်သား ၃၀ ထက်မနည်း သေဆုံးကြောင်း စီအင်အင်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ် ရှန်ဒက်ခရိုင်၌ လေကြောင်းတိုက်ခိုက်ရာတွင် စစ်သွေးကြွ ၂၀ သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အာဖဂန်နစ္စတန်အစိုးရနှင့် အာဖဂန်ရှိ ကုလသမဂ္ဂထောက်ကူပြုအဖွဲ့တို့၏ မှတ်တမ်းအရ သေဆုံးသူအရပ်သား ၉၀ တွင် အမျိုးသမီးနှင့်ကလေး အများဆုံးပါဝင်ကြောင်း ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ငံတကာ သတင်းများ

## ကဘူး၌ အမေရိကန်စစ်ဘက်နှင့် အရပ်ဘက်ကားများ တိုက်မိ အရပ်သားလေးဦးဒဏ်ရာရ

**ကဘူး အောက်တိုဘာ ၉**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတွင် အောက်တိုဘာ ၈ ရက်က အမေရိကန်စစ်ဘက်ယာဉ်နှင့် အရပ်ဘက်ကားတို့ မတော်တဆတိုက်မိမှုကြောင့် အရပ်သားလေးဦး ဒဏ်ရာရရှိသည်။ ဒဏ်ရာရရှိသူများအနက် နှစ်ဦးမှာ စိုးရိမ်ရသော အခြေအနေရှိကြောင်းသိရသည်။ ဒဏ်ရာရရှိသူများအား ဆေးရုံးသို့တင်ပို့ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံအလယ်ပိုင်း ကင်ဘာလာမြို့တွင် ကားဗုံးဖြင့် တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ အမေရိကန်သံရုံး ယာဉ်တန်းအား ဗုံးဖြင့်တိုက်ခိုက်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



## နေတိုးလေယာဉ် အီရန်ပိုင်နက်အတွင်းကျူးကျော်ဟု အီရန်ပြောကြား

**တီဟီရန် အောက်တိုဘာ ၉**

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)မှ ဖယ်လ်ကွန်ဂျက်လေယာဉ်တစ်စင်းသည် အီရန်နိုင်ငံ၏ လေကြောင်းပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာသဖြင့် အီရန်လေဆိပ်တစ်ခုသို့ အတင်းအကျပ် ဆင်းသက်စေခဲ့ရကြောင်း အီရန်နိုင်ငံ၏ အင်္ဂလိပ်ဘာသာဖြင့်ပြောသော ပရက်(စ်)တီဗွီက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

**ဦးတည်လာ**

ယင်းလေယာဉ်ပေါ်တွင် ဟန်ဂေရီအပါအဝင် နိုင်ငံအချို့မှ စစ်ဘက်ဝန်ထမ်းများလိုက်ပါလာပြီး အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးစစ်စခန်းများထံသို့ ဦးတည်လာခြင်းဖြစ်သည်။

၎င်းသည် တူရကီနိုင်ငံမှ စက်တင်ဘာ ၃၀ရက်တွင် ထွက်ခွာလာပြီး အီရန်လေကြောင်းပိုင်နက်အတွင်းသို့ လမ်းကြောင်းမှား ရောက်ရှိလာသည်ဟုဆိုသည်။ အီရန် ဂျက်တိုက်လေယာဉ်များက အီရန်နိုင်ငံမြောက်ပိုင်းပြည်နယ်များအပေါ်တွင် ၎င်းလေယာဉ်ကို တီဟီရန်မက်ရာဘက်လေဆိပ်သို့ လမ်းညွှန်၍ ဆင်းသက်စေခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။

**ကြည့်ရှုစစ်ဆေး**

လေယာဉ်ပေါ်မှ နေတိုးဝန်ထမ်းများအား မေးမြန်းစစ်ဆေးပြီး ပစ္စည်းကိရိယာများနှင့် စာရွက်စာတမ်းများကို အပြည့်အစုံ ကြည့်ရှုစစ်ဆေးကာ လေယာဉ်သည် အီရန်ပိုင်နက်အတွင်းသို့ တမင်တကာ ကျူးကျော်ဝင်ရောက်ခြင်းမဟုတ်ဟု ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် လေယာဉ်ကို မူလခရီးစဉ်အတိုင်း ထွက်ခွာခွင့်ပြုခဲ့သည်ဟု သတင်းများတွင် ဆက်လက်ဖော်ပြသည်။

ပရက်(စ်)တီဗွီ ကြေညာချက်အရ ဟန်ဂေရီ အပါအဝင် အစိုးရအဖွဲ့အချို့ ထိုမတော်တဆ လမ်းကြောင်းမှားခြင်းအတွက် အီရန်အစိုးရအား တောင်းပန်ခဲ့ကြသည်ဟုသိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## သုတ စုံစွာ ဤကမ္ဘာ — ကမ္ဘာ၏ ဝိသေသလက္ခဏာများ — ရော မောင်

**အရှည်လျားဆုံးမြစ်များ**

ကမ္ဘာပေါ်ရှိ အရှည်လျားဆုံး မြစ်နှစ်စင်းမှာ နိုင်းမြစ် (Nile)နှင့် အမေဇုန်မြစ် (Amazon)ဖြစ်သည်။ နိုင်းမြစ်နှင့် အမေဇုန်မြစ် နှစ်စင်းအနက် မည်သည့်မြစ်က ပိုမိုရှည်လျားသည်ကို အတိအကျဖြေဆိုရန် ခက်ခဲနေသည်။ အမေဇုန်မြစ်တွင် မြစ်ဝအများအပြားရှိသဖြင့် မြစ်ဝတည်နေရာပေါ် မှီတည်ကာ မြစ်၏အလျားကို တွက်ချက်နိုင်မည်ဖြစ်သည်။ ပါရာမြစ်ဝကျယ် (Para estuary)ကို ထည့်သွင်းတွက်ချက်ပါက အမေဇုန်မြစ်၏ အရှည်မှာ ကီလိုမီတာ ၆၇၅၀(မိုင်၄၁၉၀)ရှိသည်။ နိုင်းမြစ်၏အရှည်မှာ ကီလိုမီတာ ၆၆၇၀ (၄၁၄၅ မိုင်) ရှိသည်ဟု တရားဝင် ဖော်ပြမှုရှိသည်။

**အနက်ဆုံးကန်**

ကမ္ဘာပေါ်တွင် ရေအနက်ဆုံးကန်မှာ ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ဘေကားလ်(Lake Baikal) ဖြစ်သည်။ ယင်းကန်၏ အနက်ဆုံးအပိုင်းမှာ ၁၆၃၇ မီတာ(၅၃၇၀)ရှိသည်။

**အကြီးဆုံးကန်**

ကုန်းတွင်းပိုင်းပင်လယ် (Inland Sea) ဖြစ်သော ကက်စပီယန်ပင်လယ် (Caspian Sea)မှာ ကမ္ဘာပေါ်တွင် အကြီးဆုံးကန်ဟု မှတ်တမ်းတင်ခံရသည်။ ကက်စပီယန်ပင်လယ်၏ နှုတ်ခမ်းသတ်နိုင်ငံများမှာ အဇာဘိုင်ဂျန်၊ ရုရှား၊ ကာဇက်စတန်၊ တာ့ခ်မေးနစ္စတန်နှင့် အီရန်နိုင်ငံတို့ဖြစ်သည်။ ကက်စပီယန်ပင်လယ်၏အရှည်မှာ ၁၂၂၅ ကီလိုမီတာ (မိုင် ၇၆၀)ရှိသည်။

**အကြီးဆုံးသမုဒ္ဒရာ**

ကမ္ဘာ့အကြီးဆုံး သမုဒ္ဒရာမှာ ပစိဖိတ်သမုဒ္ဒရာဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာ၏ ဧရိယာမှာ စတုရန်းမိုင် ၆၃၈၀၀၀၀၀ ရှိရာ ကမ္ဘာ့မျက်နှာပြင်၏ သုံးပုံတစ်ပုံကျော် (၃၂ ဒသမ ၆ ရာခိုင်နှုန်း)ကို ဖုံးလွှမ်းထားသော သမုဒ္ဒရာဖြစ်သည်။

**အငယ်ဆုံးသမုဒ္ဒရာ**

ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးသမုဒ္ဒရာမှာ အာတိတ်သမုဒ္ဒရာ (Arctic Ocean) ဖြစ်သည်။ စတုရန်းမိုင် ၅၅၄၁၀၀၀ရှိ ယင်းသမုဒ္ဒရာသည် အာတိတ် စက်ဝန်း၏ မြောက်ဘက်တွင် တည်ရှိသည်။

***(ရည်ညွှန်း-အင်တာနက်မှတ်တမ်းများ။)***

**ပင်လယ် သမုဒ္ဒရာ၏ ဂေဟစနစ်ကို သိပ္ပံပညာရှင်များ လေ့လာနေကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



## အမေရိကန်ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် ပါကစ္စတန်၌ အနည်းဆုံးခြောက်ဦးသေဆုံး

**မီရန်ရှား အောက်တိုဘာ ၉**

ပါကစ္စတန်နိုင်ငံ မီရန်ရှားဒေသအရှေ့ဘက် ကီလိုမီတာ ၂၀ အကွာရှိ တပ်ပီကျေးရွာရှိ အိမ်တစ်လုံးကို အောက်တိုဘာ ၉ ရက်က အမေရိကန်တပ်ဖွဲ့က ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အာရပ်လူမျိုး သုံးဦးအပါအဝင် အနည်းဆုံး ခြောက်ဦး သေဆုံးကြောင်း ထောက်လှမ်းရေးတပ်ဖွဲ့က ပြောကြားသည်။

**ပစ်မှတ်ထား**

ပါကစ္စတန်နိုင်ငံ လူမျိုးစုဒေသများအတွင်း စစ်သွေးကြွများအား ပစ်မှတ်ထားကာ အမေရိကန်တပ်ဖွဲ့များက စက်တင်ဘာလကတည်းက ယခုတိုက်ခိုက်မှုအပါအဝင် ကိုးကြိမ်တိုင် ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

***အင်တာနက်။***

## နွားနို့၌ ဆီလီကွန်ဓာတ်လွန်ကဲမှုကြောင့် အစ္စရေးကုမ္ပဏီတစ်ခု ဒဏ်ရိုက်ခံရ

ဂျေရုဆလင် အောက်တိုဘာ ၉

**၁၉၉၀ ပြည့်နှစ်ကတည်းက ထုတ်လုပ်ရောင်းချခဲ့သော အစ္စရေးနိုင်ငံ၏ အကြီးဆုံး နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုသည် နွားနို့အတွင်းသို့ ဆီလီကွန်ဓာတ် လွန်ကဲစွာထည့်သည်ကို တွေ့ရှိသဖြင့် အမေရိကန်ဒေါ်လာ ၁၆ သန်းခန့် ဒဏ်တပ်ခံခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းစာက ဖော်ပြသည်။**

ခုံဖွဲ့စစ်ဆေးမှုအရ အစ္စရေးနို့ထွက်ပစ္စည်းဈေးကွက်တွင် အဓိကရောင်းအား အကောင်းဆုံးဖြစ်သည့် တန်နုဗာအစားအစာကုမ္ပဏီ အနေဖြင့် ၁၉၉၄ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ၁၉၉၅ ခုနှစ် စက်တင်ဘာလအထိ ၎င်းတို့ကုမ္ပဏီမှထုတ်လုပ်သော နို့ထွက်ပစ္စည်းများတွင် သတ်မှတ်စံချိန်ထက် ပိုလွန်ကာ ဆီလီကွန်ဓာတ် ၁၀ ဆထည့်သည်ကို တွေ့ရှိခဲ့ရသည်ဟု တဲလ်အဗစ်ဒေသဆိုင်ရာ တရားရုံးက ပြောကြားသည်။ ယင်းသည် စားသုံးသူများနှင့် အစားအစာ ကြီးကြပ်သူများ၏ ယုံကြည်မှုကိုရရှိစေရန်အတွက် လိမ်လည်လှည့်ဖျားရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါတရားရုံးက ဆိုသည်။

အဆိုပါဒဏ်တပ်ငွေများမှ အနည်းငယ်ကို တရားစွဲဆိုသူများအား ပေးအပ်မည်ဖြစ်ကြောင်း၊ ကျန်ငွေကို ၎င်းကုမ္ပဏီမှ နို့ထွက်ပစ္စည်းများ စားသုံးသဖြင့် နာမကျန်းဖြစ်သူများကို ထောက်ပံ့မည်မဟုတ်ကြောင်း၊ဈေးနှုန်းကျဆင်းရေး၊သုတေသနနှင့် အစားအသောက်နှင့် အာဟာရဆိုင်ရာ ပညာသင်ဆုအတွက် အသုံးပြုမည်ဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးသူများကို နွားနို့ အခမဲ့ထောက်ပံ့သွားရာတွင် အသုံးပြုမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




## ဖိလစ်ပိုင်သင်္ဘောသား ၁၅ ဦးအား ဆိုမာလီပင်လယ်ဓားပြများ ပြန်လွှတ်

**မနီလာ အောက်တိုဘာ ၉**

ဂျပန်နိုင်ငံ ဓာတုဗေဒပစ္စည်းတင်သင်္ဘောမှ ဖိလစ်ပိုင်သင်္ဘောသား ၁၅ ဦးအား အောက်တိုဘာ ၈ ရက် ညနေပိုင်းတွင် ဆိုမာလီပင်လယ်ဓားပြများက လွှတ်ပေးခဲ့ကြောင်း ကြာသပတေးနေ့ထုတ် ဖိလစ်ပိုင်သတင်းစာများက ဖော်ပြခဲ့သည်။

အဆိုပါ သင်္ဘောသားများသည် အာဖရိကရေပြင်တွင် ၄၉ ရက်ကြာ ပြန်ပေးဆွဲခံရပြီးနောက် လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ဇူလိုင်လမှစ၍ အာဖရိကဦးချိုဒေသတွင် ပင်လယ်ဓားပြများက ဖိလစ်ပိုင်သင်္ဘောသား ၆၇ ဦးအား ပြန်ပေးဆွဲခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အစ္စလာမ္မာဘတ်ရဲစခန်းတွင် ဗုံးပေါက်ကွဲ ၁၀ ဦး သေ၊ ၁၄ ဦး ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၉**

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ရာ ၁၀ ဦး သေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိကြောင်း၊ သုံးပတ်အတွင်း ဒုတိယအကြိမ်ပေါက်ကွဲခြင်းဖြစ်ကြောင်း ပြည်တွင်းရုပ်မြင်သံကြားလိုင်းမှ ကြေညာသည်။

အစောင့်အရှောက် တင်းကျပ်စွာချထားသော အကြမ်းဖက် နှိမ်နင်းရေးတပ်ဖွဲ့ (အေတီအက်စ်)တန်းလျားများထားရှိသော ရဲတပ်ဖွဲ့ တပ်ဝင်းအနီးတွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု ဒေါင်းန်ျူးစ် ရုပ်မြင်သံကြားလိုင်းမှ ပြောသည်။ ဗုံးဖောက်ခွဲရေးသမားဟု သံသယရှိသူတစ်ဦးသည် ပေါက်ကွဲစေသော ခဲယမ်းမီးကျောက်များ တင်ဆောင်ထားသောကားဖြင့် အေတီအက်စ်အဆောက်အအုံအား ဝင်တိုက်ရာ အဆိုပါ သုံးထပ်အဆောက်အအုံသည် ပြိုကျခဲ့သည်ဟု သတင်းများက ဆိုသည်။

ထိုအဆောက်အအုံအနီးတွင် ရပ်ထားသည့် ရဲတပ်ဖွဲ့အရာရှိများပိုင်ဆိုင်သော မော်တော်ယာဉ် ၁၅စီးမှ အစီး ၂၀အထိပျက်စီးသွားသည်ဟုဆိုသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အမြန်ပို့ပေးကြသည်။ ယခုအချိန်ထိ မည်သူ့လက်ချက်ဟု ကြေညာခြင်း မပြုသေးပေ။

***အင်တာနက်။***

**ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့တွင် ရဲဌာနချုပ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအား လုံခြုံရေးတပ်ဖွဲ့များ စစ်ဆေးနေသည်ကို အောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## မသန့်ရှင်းသော နို့မှုန့်ကြောင့် လူ ၁၄ ဦးအား ထပ်မံဖမ်းဆီး

**ရှီကြားဟောင် အောက်တိုဘာ ၉**

တရုတ်နိုင်ငံမြောက်ပိုင်း ဟေပေပြည်နယ်တွင် ရဲတပ်ဖွဲ့က နိုင်ငံ၏ မသန့်ရှင်းသော နို့မှုန့်အရှုပ်တော်ပုံနှင့်စပ်လျဉ်း၍ လူ ၁၄ ဦးအား ထပ်မံဖမ်းဆီးလိုက်ရာ ယင်းပြည်နယ်၌ ဖမ်းဆီးထားသူ စုစုပေါင်း ၂၇ ဦး ရှိသွားပြီဖြစ်သည်။

ဟေပေပြည်နယ် ပြည်သူ့လုံခြုံရေးဌာန ဒုတိယညွှန်ကြားရေးမှူး ကာအိုအိုက်ပင်းက လူ ၉၁ ဦးအား စစ်ဆေးမေးမြန်းပြီး ၁၄ ဦးအား ဖမ်းဆီးကြောင်း၊ စက်တင်ဘာ ၂၉ ရက်က ၁၃ ဦးကို ဖမ်းဆီးခဲ့သည့်အတွက် အားလုံး ၂၇ ဦး ရှိပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ထိုဖမ်းဆီးထားသူများသည် မယ်လမင်းဓာတုပစ္စည်းကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် လတ်ဆတ်သော နွားနို့ထဲသို့ ရောစပ်ခြင်းများ ပြုလုပ်ကြသည်ဟု စွပ်စွဲထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## တရုတ်ကလေး ၁၀၇၀၀ ဆေးရုံ၌ရှိနေဆဲ

**ပေကျင်း အောက်တိုဘာ ၉**

တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနကမသန့်ရှင်းသောနို့နှင့်နို့မှုန့်များ သောက်သုံးမိသဖြင့် ကလေးပေါင်း ၁၀၇၀၀ နီးပါးသည် ဆေးရုံတွင် ရှိနေဆဲဖြစ်ကြောင်း ပြောကြားသည်။

စက်မှုသုံး မယ်လမင်းဓာတုပစ္စည်းများ ရောစပ်ထားသော နွားနို့များကို သောက်ကြသဖြင့် ကျောက်ကပ်မကောင်းသောဝေဒနာကုသခံနေကြရသောကလေးများသည် စက်တင်ဘာ ၂၁ရက်၌၁၂၈၉၂ဦးရှိသည်ဟုဝန်ကြီးဌာနက ပြောကြားသည်။

မသန့်ရှင်းသော နွားနို့ကြောင့် သေဆုံးသောကလေးငယ်များ၏အရေအတွက်သည်တိုးလာခြင်းမရှိကြောင်း၊ လေးဦးသာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆေးရုံတွင် ကုသနေသော ကလေး ၁၀၆၆၆ ဦးမှာ ရှစ်ဦးသည် စိုးရိမ်ရသော အခြေအနေရှိနေကြောင်း၊ ၃၆၁၄၄ ဦးသည် ဆေးဝါးကုသမှုခံယူပြီး ဆေးရုံမှပြန်သွားကြပြီဖြစ်ကြောင်း ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## သဘာဝဘေးအန္တရာယ်သတင်းများ

## တရုတ်နိုင်ငံမြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား၊ ခြောက်ဦးသေဆုံး

**ရှန်းစီး အောက်တိုဘာ ၉**

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်းစီးပြည်နယ်တွင် အောက်တိုဘာ ၉ရက် စောစောပိုင်းက မြေပြိုမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးခဲ့သည်။

အဆိုပါမြေပြိုမှုသည် လီလင်စီရင်စု ဗိုင်းလင်းကျေးရွာရှိ လယ်ယာမြေတစ်ခု၌ နံနက် ၈ နာရီက ဖြစ်ပွားခဲ့ကြောင်း ဒေသခံတာဝန်ရှိသူများက ပြောကြားသည်။

ယင်းသို့ မတော်တဆဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***



## ပစိဖိတ်သမုဒ္ဒရာတွင်း အပူပိုင်းမုန်တိုင်းအိုဒီလေ ဖြစ်ပေါ်

**မီယာမီ အောက်တိုဘာ ၉**

အမျိုးသားဟာရီကိန်းဗဟိုက ပစိဖိတ်သမုဒ္ဒရာအတွင်း အပူပိုင်းမုန်တိုင်း အိုဒီလေ ဖြစ်ပေါ်လျက်ရှိကြောင်း အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းအချိန်အတောအတွင်း ဟာရီကိန်းနော်ဘတ်မုန်တိုင်းသည် ဟာရီကိန်းအဆင့်-၃ မုန်တိုင်းအဖြစ် အားလျော့ကာ မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဘာဂျာ ကယ်လီဖိုးနီးယားကျွန်းဆွယ်သို့ လာမည့် စနေ၊ တနင်္ဂနွေနေ့၌ ရောက်ရှိမည်ဟုခန့်မှန်းထားသည်။

အရှေ့ပစိဖိတ်ဟာရီကိန်းရာသီ၏ ၁၅ ခုမြောက် မုန်တိုင်းအိုဒီလေသည် တစ်နာရီမိုင် ၄၀ နှုန်းဖြင့် အမြင့်ဆုံး တိုက်ခတ်မည်ဖြစ်သည်။ သို့သော် ယင်းမုန်တိုင်းသည် အားကောင်းလာနိုင်သည်ဟု ခန့်မှန်းထားသည်။

အိုဒီလေမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ပွာတိုအိန်ဂျယ် အရှေ့တောင်ဘက် ၃၁၅ မိုင်အကွာကို ဗဟိုပြုလျက်ရှိပြီး မက္ကဆီကိုနိုင်ငံ ပစိဖိတ် ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနေကြောင်း မိုးလေဝသခန့်မှန်းသူများက ပြောကြားသည်။ ***အင်တာနက်။***

## အင်တာနက် ကျန်းမာရေး

## နားအတွင်း၌ သောတအာရုံကိုသိရှိနိုင်သော ပရိုတင်းဓာတ်တွေ့ရှိ အကြားအာရုံချို့ယွင်းမှုကို အထောက်အကူပြုနိုင်ဟုဆို

**လန်ဒန် အောက်တိုဘာ ၉**

အသံဗလံများနှင့် စကားပြောသံများကို ခွဲခြားနားလည်စေရာ၌ အထောက်အကူပြုပေးသည့်နား၏အတွင်းရှိပရိုတင်းဓာတ်တစ်မျိုးကိုပြင်သစ်သိပ္ပံသုတေသီများက ရှာဖွေတွေ့ရှိကြောင်း အောက်တိုဘာ ၉ ရက်တွင် ထွက်ပေါ်လာသောသတင်းက ဖော်ပြသည်။

အထက်ပါသုတေသနလုပ်ငန်းကို ဦးဆောင်လေ့လာသူမှာ ပြင်သစ်နိုင်ငံ ကလဲမောင့်ဖာရင်းမြို့ရှိ ဩဗာနီတက္ကသိုလ်မှ ပညာရှင် ပေါလ်အာဗန်းဖြစ်သည်။အချို့သောလူများသည် ဆူညံနေသောအခန်းများတွင် အဘယ်ကြောင့် အကြားအာရုံခံ၍ မရသည်ဟူသော အခက်အခဲကိုလည်း အာဗန်း၏ တွေ့ရှိချက်က ရှင်းလင်းပေးနိုင်သည်ဟုဆိုသည်။

ထိုတွေ့ရှိချက်သည် နားမကြားရသည့် ဝေဒနာကိုကုသရာ၌ အထောက်အကူပြုနိုင်မည်မဟုတ်ပေ။ သို့ရာတွင် ဆူညံနေသော နေရာများတွင် အကြား အာရုံပြဿနာရှိနေသည့် ဝေဒနာသည်များ၏ အခက်အခဲကိုမူ ရှင်းလင်းပေးနိုင်မည်ဟု အာဗန်းက တွေ့ဆုံမေးမြန်းရာ၌ ဖြေကြားသွားသည်။

ပညာရှင်များကလေ့လာရာတွင် မျိုးဗီဇအင်ဂျင်နီယာပညာအရ ပြုပြင်ယူထားသော ကြွက်ငယ်များကို အသုံးပြုခဲ့သည်။ နားတွင် အတွင်းနားနှင့် အပြင်နားဟူ၍နှစ်ပိုင်းရှိရာ အတွင်းနားတွင် အသံများကို ခွဲခြားအာရုံခံနိုင်သော ဆဲလ်နှစ်မျိုး ပါရှိသည်ဟုဆိုသည်။ သိပ္ပံပညာရှင်များသည် လူ့ခန္ဓာဗေဒကို လေ့လာရာ၌ ကြွက်စသော သတ္တဝါငယ်များကို အသုံးပြု၍ လေ့လာကြသည်။ထိုသို့လေ့လာရခြင်းမှာ ကြွက်ငယ်၏ ဇီဝဗေဒသဘာဝနှင့် လူသား တို့၏သဘာဝတွင် တူညီမှုများရှိနေသောကြောင့်ဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

## တရုတ်နိုင်ငံမှ အရှည်ကြီး ကလေးဖေဖေဖြစ်ပြီ

**ဟိုဟော့ အောက်တိုဘာ ၉**

တရုတ်နိုင်ငံမြောက်ဘက် အင်နာမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အရပ် ၂ဒသမ ၃၆မီတာ (၇ ပေ ၉လက်မ)မြင့်သော ကမ္ဘာ့အရပ်အရှည်ဆုံးလူသား ပေါင်ရှီရွှမ်းအား လွန်ခဲ့သော ရက်သတ္တပတ်၌ ၎င်း၏ဇနီးသည်က ကလေးတစ်ဦး မွေးဖွားပေးခဲ့သည်။

ပေါင်ရှီရွှမ်း၏ဇနီး ရှားရှူကျွမ်း ၂၉ နှစ်သည် ဟေပေပြည်နယ် ချွန်ဟွားဆေးရုံ၌ လွန်ခဲ့သော ကြာသပတေးနေ့က ၎င်းတို့၏ ရင်သွေးငယ်ကို ဗိုက်ခွဲမွေးဖွားခဲ့သည်။

ကလေး၏အလေးချိန်မှာ ၄ ဒသမ ၂ ကီလိုဂရမ်ဖြစ်ပြီး အရပ်မှာ ၅၆ စင်တီမီတာ ရှည်သည်။ ၎င်းတို့၏ကလေးသည် မွေးကင်းစကလေးအများစုထက် အရပ်ပိုရှည်ကြောင်း၊ မွေးကင်းစကလေးငယ်များသည် ပုံမှန်အားဖြင့် အရပ်မှာ ၄၇ စင်တီမီတာမှ ၅၂ စင်တီမီတာထိရှိသည်။

အသက် ၅၇ နှစ်အရွယ် ပေါင်ရှီရွှမ်းက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားရာတွင် သူအလွန်ပျော်ရွှင်ကြောင်း၊ ၎င်း၏ဇနီးနှင့်ကလေး နှစ်ဦးစလုံး ကျန်းမာကြောင်း ပြောကြားခဲ့သည်။

၎င်းတို့၏ ကလေးကို 'တန်ယု'ဟု အမည်သညာ ပြုထားသည်။ ၎င်းတို့နှစ်ဦးမှာ လွန်ခဲ့သော နှစ် ဇူလိုင်လက လက်ထပ်ခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***



# ခံတွင်းကျန်းမာမှ ခန္ဓာကိုယ်ကျန်းမာဘဝ ပြည့်စုံရ

**ဒေါက်တာမိုလာ**

ခံတွင်းကျန်းမာရေးဆိုသည်မှာ ကျန်းမာ၍ ကောင်းမွန်သောသွားများ ပါးစပ်ထဲတွင် များများရှိနေခြင်းကို ဆိုလိုပါသည်။ သွားများများ မရှိသူသည် ခံတွင်းကျန်းမာရေး မကောင်းသူဟု ဆိုလိုပါသည်။ ယခင်က ကျန်းမာခြင်းနှင့် ချမ်းသာခြင်းသည် ဘဝဟု သတ်မှတ်ကြပါသည်။ ယခုအခါတွင် (Health+Wealth+Good Teeth=Life) ကျန်းမာခြင်း၊ ချမ်းသာခြင်းအပြင် ကောင်းသောသွား ရှိနေမှသာလျှင် ဘဝပြည့်စုံမည်ဟု တွေးဆလာကြပါသည်။ ခံတွင်းနှင့် ခန္ဓာကိုယ်၏ဆက်စပ်မှု များပြားလာပါသည်။ သွားသည် ခန္ဓာကိုယ်အတွက် လိုအပ်သော အစားအစာများကို ကြီးသောအစာမှ သေးငယ်သောအစာအဖြစ် ကူးပြောင်းပေးရန် ကြိတ်ဝါးပေးနိုင်သော အင်အားရှိသည်။ ကြံ့ကြိတ်စက်နှင့်အလားသဏ္ဌာန်တူပါသည်။ နေ့စဉ်နှင့်အမျှ ပြောဆိုဆက်ဆံရသော အသံအနေအထားပီသမှုကို ကူညီပေးသည်။ ဘာသာစကား သင်ပေးသောဆရာသည် သွားမရှိခဲ့လျှင် အသံထွက်မှားကို သင်ကြားမိပေလိမ့်မည်။ သွားကြောင့် မျက်နှာ၏အချိုးအစားနှင့် ပုံပန်းသဏ္ဌာန်ကို ပီပြင်စွာ အချိုးညီညာလှပမှုကို ပုံဖော်ပေးပါသည်။ သမိုင်းထဲကအဆိုအရ ပထမဆုံး အမေရိကန်သမ္မတ ဂျော့ဝါရှင်တန်သည် သွားမကောင်းခဲ့ပါ။ ဓာတ်ပုံပညာလည်း မထွန်းကားခဲ့သေးပါ။ သမ္မတ၏ရုပ်ပုံအတွက် လှပစေရန် ပါးစပ်ထဲတွင် ဂွမ်းငုံ၍ ပန်းချီဆရာက ပုံဖော်ခဲ့ရသည်ဟု ဆိုပါသည်။ သမ္မတ၏မျက်နှာသည် သွားပိန်၍ ပါးပိန်ခဲ့ရပြီး သွားမရှိ၍ ပါးမရှိသောကြောင့် သွားကောင်း၍ ပါးဖောင်းသောပုံကို ဖြစ်ပေါ်ရန် ဆွဲခဲ့ရပါသည်။ သွား၏ ကောင်းမွန်ကျန်းမာသော အခြေအနေခံစားရ၍ စိတ်ပိုင်းဆိုင်ရာဝေဒနာမှ ကင်းဝေးခဲ့ပါသည်။ သွားမကောင်း၍ ကောင်းမွန်စွာမစားရသူ၊ သွားမလှ၍ မျက်နှာမလှသူများသည် စိတ်ပိုင်းဆိုင်ရာ အလိုမကျမှုကို ခံစားနေကြရသူများ ဖြစ်ပါသည်။

ပါးစပ်သည် ခန္ဓာကိုယ်၏ တံခါးပေါက်ဖြစ်ပြီး မျက်လုံးသည် စိတ်၏ တံခါးပေါက်ဖြစ်သည်ဟု ဆိုပါသည်။ မျက်လုံးမှ မြင်တွေ့ရသောဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းမြင်ကွင်းကို စိတ်မှခံစားရပါသည်။ စိတ်တွင်းဝမ်းနည်းမှုများကို မျက်လုံးမှမျက်ရည်ဖြင့် ဖော်ပြပေးပါသည်။ ထို့အတူပင် ခန္ဓာကိုယ်အတွက် လိုအပ်နေသော အစားအစာမျိုးစုံကို ပါးစပ်ပေါက်မှ စတင်ဖြတ်ကျော်ရပါသည်။ စားရသော အစားအစာများသည် ခန္ဓာကိုယ်အင်အားဖြစ်စေသော အစာ၊ ခန္ဓာကိုယ် ကြီးထွားစေသောအစာနှင့် ရောဂါကိုကာကွယ်ပေးသော အစားအစာများ ပါဝင်ပါသည်။ ထိုအစားအစာများကို ပါးစပ်က ကောင်းမွန်ကျန်းမာသော အခြေအနေရှိမှသာလျှင် ခန္ဓာကိုယ်အတွက် အားအင်ဖြစ်စေပါမည်။

နောက်ပိုင်းလေ့လာတွေ့ရှိချက်များအရ သွားဖုံးရောဂါသည် ခန္ဓာကိုယ်တွင်းရောဂါများနှင့် ဆက်စပ်မှုရှိနေသည်ကို တွေ့ရှိလာခဲ့ပါပြီ။ သွားဖုံးရောဂါဝေဒနာရှင်များသည် နှလုံးရောဂါ၊ ဆီးချိုရောဂါနှင့် ဆက်စပ်မှုတွေ့ရှိလာခြင်းဖြစ်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ကလေးဆောလျှင်စွာမွေးခြင်း၊ ပေါင်ချိန်မပြည့်သော ကလေးကို မွေးခြင်းကိုလည်း လေ့လာတွေ့ရှိလာခဲ့ပါသည်။

ခံတွင်းထဲတွင် ဖြစ်ပေါ်နိုင်သော ရောဂါများသည် သွားပိုးစားခြင်း၊ သွားဖုံးရောင်ခြင်းနှင့် ခံတွင်းကင်ဆာတို့ဖြစ်သည်။ သွားပိုးစားရောဂါသည် သွားပိုးများက သွားကို စားခြင်းမဟုတ်ပါ။ နေ့စဉ်နှင့်အမျှ စားနေသော အစားအစာများသည် သွားကြိုသွားကြားမှာညပ်၍ ကပ်နေပါသည်။ သွားနှင့်ခံတွင်း သန့်စင်ခြင်းမရှိခြင်း၊ သွား၏ အားနည်းခြင်းတို့ကြောင့် ဗက်တီးရီးယားနှင့် အချဉ်ပေါက်ခြင်းဖြစ်စဉ်အရ အက်စစ်များ ထွက်လာပါသည်။ ထိုအက်စစ်သည် သွား၏ကြွေသားမျက်နှာပြင်ကို ပျော့ပျောင်း နူးညံ့စေပါသည်။ ထိုမှတစ်ဆင့် သွားပေါက်ကလေးများ ဖြစ်ပေါ်လာခြင်းသာဖြစ်ပါသည်။ ခံတွင်းသန့်စင်မှု စနစ်မှန် ပုံမှန်ပြုလုပ်နေသူ တစ်ယောက်အတွက် သွားပိုးစားခြင်းမရှိပါ။ သွားပိုးစားခြင်းကို သိလျှင်သိချင်း သွားမျက်နှာပြင်အပေါက်များကို ဖာထေးခြင်းသည် သွားကောင်းမွန်စေရန် ကာကွယ်ပြုပြင်ခြင်းဖြစ်သည်။ သွားပိုးစားရှိနေသူအတွက် သွား၏မျက်နှာပြင်တွင် မည်းနက်ခြင်း၊ အပေါက်များဖြစ်ပေါ်ခြင်း၊ သွားပွဲနေခြင်းအားဖြင့် သိရှိနိုင်ပါသည်။ သွားပိုးစားပေါက်ကို စနစ်မှန်ကုသခြင်းမရှိပါက နောက်ဆုံးအဆင့်တွင် သွားမြစ်ထိပ် ပြည်တည်နာမှသည် မေးရိုးရောင်ရမ်းခြင်းအထိ ဖြစ်ပေါ်နိုင်ပါသည်။ ခေတ်မီ ပဋိဇီဝဆေးများ မပေါ်ပေါက်မီက လတ်ဒဝစ်အန်ဂျိုင်းနားဟုခေါ်သောရောဂါနှင့် အသက်ရှူလမ်းကြောင်းပိတ်၍ အသက်သေဆုံးခဲ့ပါသည်။ ကက်သရင်းဘုရင်မကြီးနှင့် အင်္ဂလန်မှ အယ်လိဇဘတ်ဘုရင်မကြီးသည် လတ်ဒဝစ်အန်ဂျိုင်းနားရောဂါဖြင့် သေဆုံးခဲ့သည်ဟု ဆိုပါသည်။

သွားဖုံးရောင်ခြင်းသည် အမှုမဲ့အမှတ်မဲ့ သတိမထားမိသော ရောဂါတစ်ခုဖြစ်သည်။ သွားဖုံးရောင်ခြင်းကို **"နီမြန်းဖောင်းကြွ သွေးထွက်က သွားဖုံးသားများ ရောဂါရ"** အဆိုအရ သွားဖုံးသားများ နီမြန်းခြင်း၊ ဖောင်းကြွနေခြင်း၊ သွားဖုံးသွေးထွက်လာခြင်းအားဖြင့် သိရှိနိုင်ပါသည်။ သွားဖုံးရောဂါဝေဒနာရှင်သည် ဝေဒနာမခံစားရ၍ စိုးရိမ်ကြောင့်ကြရမှန်းမသိရှိပါ။ သွားကို ဝန်းရံထားသော အလွှာများသည် သွားဖုံး၊ မေးရိုးနှင့် သွားမြစ်ဝန်းပတ်လွှာတို့ဖြစ်သည်။ သွားဖုံးရောင်ရောဂါကို စနစ်မှန် ပြန်လည်မကုသခဲ့လျှင် သွားမြစ်ဝန်းပတ်လွှာ ရောင်ရမ်းသောရောဂါ ရရှိနိုင်ပါသည်။ အရပ်ထဲအခေါ်အရ ရေစီးကမ်းပြိုဟု ခေါ်ပါသည်။ ပါးစပ်နံခြင်း၊ သွေးထွက်ခြင်း၊ ပြည်တည်ခြင်း၊ သွားလှုပ်ခြင်း၊ သွားကျွတ်ထွက်သွားခြင်းများ ဖြစ်တတ်ပါသည်။ သွားဖုံးရောင်ခြင်းသည် ခံတွင်းသန့်စင်မှုမရှိသောအခါ ဗက်တီးရီးယားနှင့် စားကြွင်းစာကျန်များ ပေါင်းစပ်၍ အဆိပ်ဓာတ် ထွက်လာပါသည်။ ထိုအဆိပ်ဓာတ်မှ သွားဖုံးကို ရောင်စေခြင်းဖြစ်သည်။

ခံတွင်းကင်ဆာသည် ကမ္ဘာတွင်အဖြစ်များသော ရောဂါထဲမှ နံပါတ် (၆)တွင် ရှိပါသည်။ ခံတွင်းကင်ဆာရှင်များသည် ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် အရက်သောက်ခြင်း လွန်ကျူးသူများတွင် တွေ့ရတတ်ပါသည်။ ခံတွင်းကင်ဆာသည် ရှေ့ပြေးလက္ခဏာအနေဖြင့် နာခြင်း မခံစားရဘဲ ပါးစပ်ထဲတွင် အဖြူရောင်၊ အနီရောင် အကွက်များအနေဖြင့် တွေ့ရတတ်ပါသည်။ ခံတွင်းကင်ဆာသည် သိလျှင်သိချင်း ကြိုတင်ကာကွယ်ကုသနိုင်သော ရောဂါတစ်ခုဖြစ်သည်။

> **ခံတွင်းကင်ဆာသည် ကမ္ဘာတွင် အဖြစ်များသော ရောဂါထဲမှ နံပါတ် (၆)တွင် ရှိပါသည်။ ခံတွင်းကင်ဆာရှင်များသည် ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် အရက်သောက်ခြင်း လွန်ကျူးသူများတွင် တွေ့ရတတ်ပါသည်။ ခံတွင်းကင်ဆာသည် ရှေ့ပြေးလက္ခဏာအနေဖြင့် နာခြင်းမခံစားရဘဲ ပါးစပ်ထဲတွင် အဖြူရောင်၊ အနီရောင် အကွက်များအနေဖြင့် တွေ့ရတတ်ပါသည်။ ခံတွင်းကင်ဆာသည် သိလျှင်သိချင်း ကြိုတင်ကာကွယ်ကုသနိုင်သော ရောဂါတစ်ခုဖြစ်သည်။**

မိမိခံတွင်းကောင်းရန် မိမိကြိုးစားမှ ရပါမည်။ ခံတွင်းကောင်းမွန်ရန် ပြုလုပ်ပေးခြင်းသည် ငွေမကုန်၊ အလုပ်မရှုပ်၊ အချိန်သက်သာ၊ မခက်ခဲသော ကျင့်စဉ်တစ်ခုဖြစ်သည်။ စနစ်မှန်၊ အချိန်မှန်အသုံးပြုခြင်း မှန်ရန်သာလိုပါသဖြင့် ခံတွင်းကျန်းမာရေး တစ်သက်တာ ကောင်းမွန်စေရန်အတွက် ဆောင်ရွက်လိုက်နာသင့်သောအချက်များ ရှိပါသည်။

**၁။ နံနက်စာစားပြီးသည်နှင့် ညအိပ်ရာမဝင်မီ တစ်နေ့လျှင် နှစ်ကြိမ်ခန့် သွားကို သွားမျက်နှာပြင်နေရာစုံ၊ အချိန်အနည်းဆုံး သုံးမိနစ်ခန့် အချိန်ပေး၍ စနစ်မှန် သွားတိုက်နည်းဖြင့် သွားတိုက်ရပါမည်။**

**၂။ အသုံးပြုသော သွားတိုက်ဆေးသည် ဖလူအိုရိုဒ် ပါရပါမည်။ ကလေးငယ်များအတွက် ပြန်လည်ထွေးမထုတ်တတ်သေးလျှင် သွားတိုက်ဆေးသုံးပြီး မတိုက်ရပါ။ ကလေးများအတွက် သွားတိုက်ဆေးကို အနည်းငယ်ခန့် (ပဲကြီးစေ့)သာ သုံးရပါမည်။**

**၃။ သွားဆရာဝန်ထံ တစ်နှစ်လျှင် နှစ်ကြိမ် စစ်ဆေးပြသ အကြံဉာဏ် ရယူပါ။**

**၄။ ခံတွင်းအတွက် ဆိုးကျိုးဖြစ်နိုင်သော ဆေးလိပ်၊ ကွမ်းစားခြင်း၊ အရက်သောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။**

**၅။ ချဉ်သောအသီး၊ အရည်များကို ပါးစပ်ထဲတွင် ကြာကြာဝါးခြင်း၊ ငုံခြင်း မပြုလုပ်ရပါ။**

**၆။ အစာစားပြီးတိုင်း ပလုတ်ကျင်းသည့် အလေ့အကျင့် ရှိပါစေ။**

**၇။ အသုံးပြုနေသော သွားတိုက်တံကို သုံးလတစ်ကြိမ် အသစ်လဲလှယ်ပေးပါ။**

လိုက်နာသင့်သည်ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ခံတွင်းကျန်းမာရေး ကောင်းမွန်သော ပြုံးအလှပိုင်ရှင် မလွဲမသွေ ဖြစ်လာနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## The LIVE NEWS ဂျာနယ် အမှတ်(၁၀၁) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁၀**

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၁၀၁)တွင် မြင်းမူမောင်နိုင်မိုး၏ ပညာရှိသူတော်ကောင်း(၂)၊ စောင့်လေမျိုးနွယ်၊ သူတော်ကောင်းစကား(၁)၊ နီမင်းဆွေ၏ ချုံနွယ်တွေတန်းပါလို့ လမ်းဘယ်မမြင်၊ ကိုကိုလှိုင်၏ အဓိကရေလမ်းကြောင်းပေါ်မှ ဆိုမာလီနှင့် ဝင်ငွေစီးနေသော ပင်လယ်ဓားပြများ၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၄)၊ မောင်မြတ်မွန်(ဆူးလေ) ၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သမိုင်းတင်အဝိုင်းကြီးများ(Round-about) (၂)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ဗီယက်နမ်နိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးဘဝ အလှည့်အပြောင်းများ အပိုင်း(၁)၊ အာရှမိုး၏ ထင်သည်ထက် အရည်ပျော်နှုန်း ပိုမိုမြန်ဆန်လာနေသော ဂရင်းလန်းရေခဲပြင်ကြီး၊ ရုရှားနိုင်ငံက ၂၀၀၉ ခုနှစ်တွင် ကာကွယ်ရေးအတွက် ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံ အပိုသုံးစွဲမည်ဟုဆို၊ အမေရိကန်အဆင့်မြင့် ထောက်လှမ်းရေးရေဒါ အစ္စရေး၌တပ်ဆင်မှု အစ္စရေးအရာရှိများ စိုးရိမ်မကင်းဖြစ်နေ၊ ဂျော်ဂျီယာနှင့် ယူကရိန်းတို့ နေတိုးအဖွဲ့ ဝင်ရောက်ရေး အလှမ်းဝေးနေဆဲ၊ ရုံးချိန်း ပျက်ကွက်ခဲ့သော ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်နှင့် ဇနီးအပေါ် ဖမ်းဝရမ်း ထပ်မံထုတ်ပြန်၊ ထူးခြားစွာ တိုးတက်လာသည့် ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့မွေးမြူလာ၊ တစ်ခါမှ သရုပ်မဆောင်ဘူးတဲ့ ဇာန့်နေရာမှာ စတင်သရုပ်ဆောင်ခဲ့တဲ့ ဝါရင့်ဟာသသရုပ်ဆောင် တက္ကသိုလ်ဂွမ်းပုံနဲ့ တွေ့ဆုံခြင်း၊ မျက်ဝန်းရိပ်အပိုင်း (၁၇၊ ၁၈)၊ ပင်လယ်ပျော်မင်းသား အပိုင်း (၃၇၊ ၃၈)၊ လေကြောင်းမြို့တော် အပိုင်း(၃၊ ၄)စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ-၁၃စောင်- ၅၈၅ဝိ/-၊ ခြောက်လ ၂၆ စောင်-၁၁၇၀ဝိ/- နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၃၁၀)၊ အခန်း(၀၀၄) ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်(၅၅)၊ ပထမထပ် ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးရတနာ မူလတန်းကြိုကျောင်း နေပြည်တော်၏ ဉာဏ်စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က နေပြည်တော်ရှိ အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အကြီးဆင့် သီချင်းရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ဖြိုးလှိုင်ဌေးအား ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေနုက ဆုချီးမြှင့် စဉ်။ (လူမှုဝန်ထမ်း)




ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြာအင်းဆိပ်ကြီးမြို့နယ် ရွှေလင်းကျေးရွာရှိ တောင်သူ ဦးမော်တာ၏ လယ်မြေ ၁၅ ဧကၡ ကျင်းပသည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်စုပေါင်းကြဲပက်ပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

# ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၀

**မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်မရော မြို့နယ် ချောင်းနှစ်ခွကျေးရွာမှတစ်ဆင့် ချောင်းနှစ်ခွ-ကြာအင်းဆိပ်ကြီး ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မိုင်တိုင် အမှတ်(၆/၄)ရှိ ဒါလီချောင်းကူးတံတား တည်ဆောက်မှုလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကရင်ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးအုန်းဟန်က ခွင့်ပြုတန် ၃၆ တန်ရှိ ကမ်းနှစ်ဖက်၌ အကျယ် ၂၄ ပေနှင့် အရှည်ပေ ၄၀ စီရှိ ချဉ်းကပ်ကွန်ကရစ် တံတားနှစ်ခု၊ အကျယ် ၁၆ ပေ၊ ခြောက်လက်မနှင့် အရှည်ပေ ၁၈၀ ရှိ RPT သံပေါင်ပင်မတံတား စုစုပေါင်းအရှည် ၁၈၈ ပေ တည်ဆောက်ပြီးစီးမှု၊ ပစ္စည်း စုဆောင်းမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ဒါလီတံတား ရေလယ်တိုင် နှစ်တိုင်နှင့် ကြာအင်းဆိပ်ကြီးဘက်ကမ်းရှိ ကမ်းကပ်ခုံပြီးစီးနေမှု၊ ချောင်းနှစ်ခွဘက်ကမ်း ကမ်းကပ်ခုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကြာအင်းဆိပ်ကြီးမြို့နယ် ရွှေလင်းကျေးရွာရှိ တောင်သူဦးမော်တာ၏ လယ်မြေ ၁၅ ဧက၌ ကျင်းပသည့် ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ ရောစပ်စုပေါင်းကြဲပက်ပွဲသို့ တက်ရောက်အားပေးကာ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် မနောသုခစပါးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအားတွေ့ဆုံပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်ပြီး ဆေးပဒေသာပင်အတွက် ရန်ပုံငွေနှင့် ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေတို့ကို ဆေးရုံအုပ် ဒေါက်တာ မောင်မောင်လွင်ထံ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကြာအင်းဆိပ်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း ဇမ္ဗူဒီခန်းမရှိ Language Lab နှင့် ကွန်ပျူတာခန်းမတို့၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေး အထောက်အကူပြုပစ္စည်းများဖြင့် စာပေသင်ကြားနေမှုနှင့် စာသင်ခန်းအတွင်း စာပေသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပညာတန်ဆောင်ခန်းမ၌ ကျောင်းအတွက် ပညာရေးရန်ပုံငွေ၊ ဗလာစာအုပ်ဒါဇင် ၁၀၀၊ ကျောင်းဝတ်စုံများနှင့် အားကစားပစ္စည်းတို့ကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ကြာအင်းဆိပ်ကြီးမြို့နယ် ရဲစခန်းကို ကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ကြာအင်းဆိပ်ကြီးမြို့ မြို့မ (၂) ရပ်ကွက်ရှိ တောင်သူဦးထွန်းကြည်၏ လယ်မြေ ကိုးဧက၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မနောသုခနှင့် ရွှေမြန်မာစပါးများကို လည်းကောင်း၊ မြို့အဝင် ဆိုင်းဘုတ်အနီးရှိ ခြံရှင် ဦးသန်းစိုး၏ ရော်ဘာစိုက်ခင်း လေးဧကနှင့် ခြံပိုင်ရှင်ဦးထွန်းလှ၏ ရော်ဘာစိုက်ခင်းရှစ်ဧကတို့၌ စိုက်ပျိုးထားသည့် (BPM-24)အမျိုးအစား ရော်ဘာပင်များကြား၌ ကြားသီးနှံအဖြစ် နှမ်း၊ ပြောင်း၊ ပီလောပီနံ၊ ပဲတီစိမ်းနှင့် ပဲတောင့်ရှည်ပင်များ စိုက်ပျိုးထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကြာအင်းဆိပ်ကြီးမြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မော်လမြိုင်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ တစ်ကိုယ်ရေ ကျန်းမာရေးနှင့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး(မြောက်)ရပ်ကွက် သိမ်ဖြူလမ်းရှိ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်ခင်သက်မြိုင်၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာ ဒေါ်နီလာသိန်း၊ သွားအထူးကုဆရာဝန် ဒေါက်တာ ဒေါ်သင်းသင်းထွေးနှင့် ဒေါက်တာ ဒေါ်အိအိစုလှိုင်တို့က ကျောင်းသား၊ ကျောင်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အခမဲ့စမ်းသပ်ကုသပေးခြင်း၊ အခမဲ့ဆေးဝါးများပေးဝေခြင်းတို့ကို ပြုလုပ်ပေးသည်။

ထို့နောက် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ခေါင်းဆောင်သည့် အဖွဲ့ဝင်များက ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေ ကျန်းမာရေးနှင့် ယဉ်ကျေးလိမ္မာ အသိပညာပေးစကား ပြောကြားကြသည်။

ယင်းနောက် ကျောင်းခန်းမ၌ စတုတ္ထတန်းနှင့် ပဉ္စမတန်း ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနမှ ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က မျိုးချစ်အတွေးနှင့် မျိုးချစ်တေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်ဒေါ်ရီရီငြိမ်းက သဘာဝဘေးအန္တရာယ် ဒို့ကာကွယ် ပညာပေးခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသည့် အမှိုက်ပုံး ၁၀ ပုံးနှင့် အမှိုက်အိတ် ၁၅၀ တို့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချိုထံ ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှ လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၅၀ကို ပြန်ကြားရေးဌာနကြီး ဒုတိယဌာနကြီးမှူး ဒေါ်မြမြက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချိုထံ ပေးအပ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၁၁-၁၀-၂၀၀၈ (စနေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၅ ၄။ ကျန်းမာသုတ
- ၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် အမြဲငါကြည့်နေတယ် (ကျော်ဟိန်း၊ ဇော်ဝမ်း၊ စိုးမြတ်သူဇာ) [ဒါရိုက်တာ-ကုသိုလ်]**
- ၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁၃း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၁၄း၀၀ ၈။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၁၃)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူရွှင်တော်ရွှေဖလား
- ၁၉။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း-၃၆)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

# လူရွေးဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးကြပ်၍ Myanmar Professional Golfers Association နှင့် Myanmar Senior Professional Golfers Association တို့က ကြီးမှူး၍ Senior Qualifying and Pro Qualifying Event လူရွေး ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်နှင့် ဒုတိယပွဲစဉ်ဟူ၍ နှစ်နေရာခွဲ၍ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများတွင် Pro Qualify၊ Teaching Pro နှင့် Senior Qualify ဟူ၍ သုံးမျိုးထည့်သွင်း ကျင်းပမည် ဖြစ်သည်။

ပထမပွဲစဉ်ကို အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ ဂေါက်ကွင်း)၌ ကျင်းပမည်ဖြစ်သည်။ ပထမပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသားအပျော်တမ်း ဂေါက်သီးရိုက်သမားများသည် အချက်ကျောပေး (၀-၁၂) ရှိရမည်ဖြစ်သည်။ Senior Qualifying Events ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်သမားများသည် ပြိုင်ပွဲကျင်းပမည့် အောက်တိုဘာ ၁၅ ရက်တွင် အသက် (၅၀) ပြည့်ပြီးသူများ ဖြစ်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်သမားများသည် အောက်တိုဘာ ၁၂ ရက် နောက်ဆုံးထား၍မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း(၉မိုင်၊ ကျောက်ရေတွင်းလမ်း၊ မရမ်းကုန်းမြို့နယ်) သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက ဖုန်း-၀၁-၆၅၁၃၇၄ နှင့် ၀၉-၂၀၃၇၆၇၁ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။

ဒုတိယပွဲစဉ်ကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်သမားများသည်အောက်တိုဘာ ၁၈ ရက် နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း (၉-မိုင်၊ ကျောက်ရေတွင်းလမ်း၊ မရမ်းကုန်းမြို့နယ်)သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက ဖုန်း-၀၁-၆၅၁၃၇၄၊၀၉-၂၀၃၇၆၇၁ နှင့် ရွှေမန်းတောင်ဂေါက်ကွင်း မန္တလေးမြို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်နှင့် ဒုတိယပွဲစဉ်များကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း ကျင်းပမည်ဖြစ်ပြီး Pro Qualifying Events တွင် Qualify ဖြစ်လျှင် ဂေါက်သီးနည်းဥပဒေသများ၊ ကျွမ်းကျင်စွာသိရှိခြင်းများနားလည်ရန် မွမ်းမံသင်တန်း တက်ရမည်ဖြစ်ကြောင်း၊ Teaching Pro အဖြစ် Qualify ဖြစ်လျှင်ဆရာဖြစ်သင်တန်းများ တက်ရောက်ရမည်ဖြစ်သည်။ အဆိုပါ သင်တန်းတွင် ဂေါက်သီးနည်းစနစ် ဥပဒေများ၊ ဂေါက်သီးသင်ကြားရေး နည်းစနစ်များ၊ သင်တန်းဆရာများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်နှင့် စည်းကမ်းများအောင်မြင်မှသာ ဆရာအဖြစ် လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဖေသန်းဦးတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာဂျူဒင်အာမက်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ခံအကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ကာ အာမက်ချောင်ဒရီနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိမိတို့နိုင်ငံအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆွေတော်သမ္မတကြီး ကျန်းမာချမ်းသာစေရန် နှုတ်ဆက်ဆုတောင်းလိုက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မိမိ၏ယခုခရီးစဉ်က ပိုမိုတိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယမန်နေ့ကလည်း အကြံပေးအရာရှိချုပ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို အကျိုးရှိစွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံနှုတ်ဆက်ပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး သမ္မတအိမ်တော်မှ ခေတ္တတည်းခိုသည့်ဟိုတယ်သို့ ပြန်လည်ထွက်ခွာခဲ့သည်။

(သတင်းစဉ်)



တွေ့ဆုံ နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Moeen U.Ahmed အား ဒါကာတပ်မြေ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ်အား သွားရောက်တွေ့ဆုံနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၁၀

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီခွဲတွင် ဒါကာတပ်မြေသို့ သွားရောက်၍ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Moeen U.Ahmed အား တွေ့ဆုံနှုတ်ဆက်သည်။**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးတို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နှစ်နိုင်ငံ တပ်မတော်များအကြား ချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

တွေ့ဆုံနှုတ်ဆက်ပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ကြည်းတပ်ဦးစီးချုပ်တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ Military Institute of Science and Technology သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၁၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အောက်တိုဘာ ၈ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့ရှိ Military Institute of Science and Technology (MIST) ကို သွားရောက်ကြည့်ရှု လေ့လာသည်။**

## ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် MIST သို့ ရောက်ရှိလာကြရာ MIST တပ်မှူး ဗိုလ်ချုပ် Abdul Wadud နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား အစည်းအဝေးခန်းမ၌ MIST တပ်မှူးက MIST ၏ ရည်ရွယ်ချက်နှင့် ထူထောင်ထားရှိမှုအခြေအနေ၊ သင်တန်းသားများ ရွေးချယ်သင်ကြားနေမှုအခြေအနေ၊သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များ စသည့်ကျောင်းနှင့် စပ်လျဉ်း၍ သိသင့်သည်များကို ရှင်းလင်းတင်ပြပြီး မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ သိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် MIST တပ်မှူးတို့သည် ချစ်ကြည်ရေးလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် MIST တပ်မှူးနှင့် တပ်မတော်အရာရှိကြီးများနှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် MIST ရှိ ကွန်ပျူတာစာသင်ခန်းနှင့် Water Resources Engineering Laboratory တို့ကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ထွက်ခွာခဲ့သည်။

(သတင်းစဉ်)



## ကြည့်ရှုလေ့လာ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့ရှိ Military Institute of Science and Technology (MIST) တွင် ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

* ကျောဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် ဖိတ်ကြားထားသူများနှင့်အတူ ညစာသုံးဆောင်ကြသည်။

ညစာ သုံးဆောင်အပြီးတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Moeen U. Ahmed က နှုတ်ဆက်မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ်က ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား လည်းကောင်း၊ ကြည်းတပ်ဦးစီးချုပ်၏ဇနီးက ဒေါ်မြမြစန်းအားလည်းကောင်း ချစ်ကြည်ရေး အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိန့်ခွန်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ကြည်းတပ်ဦးစီးချုပ်အားလည်းကောင်း၊ ဒေါ်မြမြစန်းက ကြည်းတပ်ဦးစီးချုပ်၏ ဇနီးအားလည်းကောင်း ချစ်ကြည်ရေးအမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များ၊ ကြည်းတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ်ယဉ်ကျေးမှု ပဒေသာကပွဲကို ကြည့်ရှုအားပေးကြသည်။

ယဉ်ကျေးမှု ပဒေသာကပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့သည် ဘင်္ဂလားဒေ့ရှ်ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် အတူ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ယဉ်ကျေးမှုအဖွဲ့ဝင်များက ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြသည်။ (သတင်းစဉ်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Moeen U.Ahmed နှင့် ဇနီးတို့ ဒါကာတပ်မြေရှိ Senakunja ဧည့်ရိပ်သာ၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲတွင် ဘင်္ဂလားဒေ့ရှ် ယဉ်ကျေးမှု ပဒေသာကပွဲကို ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများက ဂါရဝပြုနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၁၀

**ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဖေသန်းဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့် ၎င်းတို့၏ဇနီးများ၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ ဒါကာမြို့၌ ပညာသင်ကြားလျက်ရှိကြသော သင်တန်းသားများသည် အောက်တိုဘာ ၈ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ဂါရဝပြုနှုတ်ဆက်ကြသည်။**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးတို့အား သံအမတ်ကြီးနှင့် စစ်သံမှူးတို့ ဦးဆောင်သော သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် သင်တန်းသားများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။ ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက သံရုံး၊ စစ်သံရုံး မိသားစုများအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၏ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် ရည်ရွယ်ချက်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ သံရုံးဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ကို ကိုယ်စားပြု၍ လုပ်ကိုင်ဆောင်ရွက်ရာ၌ ခံယူရမည့် သဘောထားများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့က သံရုံး၊စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။** (သတင်းစဉ်)

# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ ဘင်္ဂလားဒေ့ရှ် တပ်မတော်မိသားစု သက်သာချောင်ချိရေးအသင်းကို ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၁၀

**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့တော် ဒါကာတပ်မြေရှိ တပ်မတော်မိသားစု သက်သာချောင်ချိရေးအသင်း Sena Paribar Kallyon Shamiti (SPKS) သို့ ရောက်ရှိသည်။**

ရှေးဦးစွာ ဒေါ်မြမြစန်းအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်ခန်းမ၌ ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များအား SPKS အသင်းနာယက ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၏ ဇနီး Mrs. Begum Naznin Moeen က ခရီးဦးကြိုဆိုပြီး တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် ဒေါ်မြမြစန်းက ကြည်းတပ်ဦးစီးချုပ်၏ ဇနီးအား ချစ်ကြည်ရေး အမှတ်တရ လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

ထို့နောက် ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ဉာဏ်ရည်မဖွံ့ဖြိုးသော ကလေးများကျောင်း (Sena Sahayak School) သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ကလေးငယ်များက ၎င်းတို့ ရေးဆွဲထားသော ပန်းချီကားများကို ဒေါ်မြမြစန်းအား ဂါရဝပြု ပေးအပ်ကြသည်။

ယင်းနောက် ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ကလေးငယ်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များအား အစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက SPKS အသင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်း၌ အမျိုးသမီး အိမ်တွင်းမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဒေါ်မြမြစန်းက ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ အမှတ်တရ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့တော် ဒါကာတပ်မြေရှိ ဉာဏ်ရည်မဖွံ့ဖြိုးသော ကလေးများကျောင်း (Sena Sahayak School) ၌ အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းများကို ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)













**အမှာစကားပြောကြား**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး၊ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများအား တွေ့ဆုံမှာကြား

ရန်ကုန် အောက်တိုဘာ ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့်ကော်မတီဝင်များ၊တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး၊ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ကဏ္ဍအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ပိုမိုသန့်ရှင်းသာယာလှပ ဖွံ့ဖြိုးရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကဏ္ဍအလိုက် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်မြို့အတွင်းရှိ လမ်းများအဆင့်မြှင့် ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂ ရက်မှ စတင်၍ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်အပါအဝင် စုစုပေါင်း အဖွဲ့ ၁၂ ဖွဲ့ ဖွဲ့စည်း၍ ရန်ကုန်မြို့တွင်းရှိ လမ်းမကြီး ၁၂ လမ်းကို ပြုပြင်မွမ်းမံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## တုပ်ကွေးရောဂါ ကာကွယ်ပါ

၁။ တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားနိုင်ပါသည်။ ရာသီဥတု အပြောင်းအလဲတွင် ပို၍ဖြစ်ပွားတတ်ပါသည်။ တုပ်ကွေးဖျားလျှင် ၃-၄ ရက်ခန့် အပူချိန်တက်၍ ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မျက်လုံး ပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းများ ဖြစ်တတ်ပါသည်။

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ ရာသီဥတုအပြောင်းအလဲကြောင့် သဘာဝအရ ဖြစ်ပေါ်တတ်သည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး ကူးစက်တတ်ပါသည်။ တစ်ကိုယ်ရေကျန်းမာရေးကို ဂရုစိုက်လျှင် ဆောလျင်စွာ ပျောက်ကင်းပါသည်။

၃။ တုပ်ကွေးရောဂါမှကာကွယ်ရန်-

(က) နေပူမှလာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
(ခ) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ၊
(ဂ) လူများပြားထူထပ်သော နေရာများကို ရှောင်ကြဉ်ပါ၊
(ဃ) နှာချေလျှင်၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ပါ၊
(င) ဖျားနာမည်ဟု သံသယရှိပါက ရေများများသောက်ပါ၊ အနားယူပါ၊
(စ) အာဟာရပြည့်ဝအောင် စားသုံးပါ၊
(ဆ) ဗီတာမင်စီအပြည့်အဝပါသော အသီးအနှံနှင့် အရွက်များကိုစားပါ၊

လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ သွားရောက်ပြသစစ်ဆေးမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

ဒုတိယ မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၆)ဆင်းပွဲကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ(၂) (မြေညီထပ်)၌ ကျင်းပရာ ရှေးဦးစွာ တရားသူကြီးချုပ် ဦးအောင်တိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းခေါင်းဆောင်အား ပေးအပ်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကြေးမုံ The Mirror သိပ္ပံနှင့်နည်းပညာ အင်တာနက်သတင်း

# ဆဲလ်ဖုန်းအတွက် လျှပ်စစ်ဓာတ်အား သကြားရည်မှ ထုတ်လုပ်နိုင်မည်

ဝါရှင်တန် အောက်တိုဘာ ၁၀

**ဆဲလ်ဖုန်းကဲ့သို့သော အီလက်ထရွန်နစ်ကိရိယာများ လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို သကြားရည်မှ ထုတ်လုပ်နိုင်ရန် အမေရိကန်သုတေသီများက နည်းလမ်းရှာကြံလျက်ရှိကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။**

သကြားရည်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် နည်းပညာမှာ လောင်စာဆဲလ်များ (Fuel Cells) ဟု ခေါ်တွင်သော ကိရိယာများအပေါ် အခြေခံသည်။ လောင်စာဆဲလ်များကို အသုံးပြုကာ ဓာတုဗေဒဓာတ်ပြုသည့် နည်းလမ်းအရ လျှပ်စစ်စီးကြောင်းများ ထုတ်လုပ်နိုင်မည်ဖြစ်သည်။



**အမေရိကန်နိုင်ငံရှိ Gentag Inc. ကုမ္ပဏီက ထုတ်လုပ်သော တစ်ခါသုံး ဆဲလ်ဖုန်းကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

သိပ္ပံပညာရှင်များသည် လောင်စာဆဲလ်များကို အသုံးပြုမည်ဖြစ်သော်လည်း ရွှေဖြူ(ခေါ်) ပလက်တီနမ်ကဲ့သို့သော ဓာတ်သတ္တုများကို အသုံးပြုမည်မဟုတ်ပေ။ အလွန်အဖိုးတန်သည့် ပလက်တီနမ်ကိုအသုံးပြု၍ ဓာတုဗေဒဓာတ်ပြုမှုများကို ဖြစ်ပေါ်စေနိုင်သော်လည်း ထုတ်လုပ်မှုစရိတ် အလွန်ကြီးလေးကာ ယင်းသို့သော ဓာတ်သတ္တုမျိုးကိုလည်း အလွယ်တကူ ရရှိနိုင်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံ စိန့်လူးဝစ်တက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။

**ပြောကြား**

လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် ဓာတုဗေဒဓာတ် တုံ့ပြန်မှုများအတွက် သတ္တုများကို မသုံးဘဲ အင်ဇိုင်းဟု ခေါ်တွင်သော ပရိုတိန်းတစ်မျိုးကို အသုံးပြုနိုင်ကြောင်း၊ လူတို့အပါအဝင် သက်ရှိတို့၏ ကလာပ်စည်းများအတွင်း အင်ဇိုင်းများက ဓာတုဗေဒဓာတ်တုံ့ပြန်မှုများ ပြုလုပ်ပေးပြီး အင်ဇိုင်းဟောင်းများ၏နေရာတွင် အင်ဇိုင်းသစ်များက အစားထိုးပေးကြောင်း၊ ၎င်းနည်းလမ်းကို အခြေခံကာ နည်းပညာသစ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။

သုတေသီများသည် အင်ဇိုင်းများကို ထိန်းသိမ်းပေးနိုင်သော မော်လီကျူးများကို တီထွင်နိုင်ပြီဖြစ်သည်။ ယင်းမော်လီကျူးများသည် သကြားရည်ကို အသုံးပြုကာ အင်ဇိုင်းများအား ဓာတုဗေဒတုံ့ပြန်စေသော နည်းစနစ်အရ လျှပ်စစ်ဓာတ်အား ထုတ်ပေးမည်ဖြစ်သည်။

***အင်တာနက်။***

# မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ပညာရည်ချွန်ဆုပေးပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၀

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကျင်းပသည့် တတိယအကြိမ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ပညာရည်ချွန်ဆုရရှိကြသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ (၃)ဦးမြင့်သိန်း(မြင့်သိန်းအောင်)က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ငါးဘာသာဂုဏ်ထူးရှင် တောင်ကြီးမြို့နယ်မှ ဦးဇော်မင်း(ဇော်မင်းသွင်)၏ သား မောင်ဝဏ္ဏဇော်မင်း၊ လေးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသည့် နတ်မောက်မြို့နယ်မှ ဦးကြည်မြိုင် (နတ်မောက်-ကြည်မြိုင်)၏ သား မောင်ရဲရင့်သူ၊ ကမာရွတ်မြို့နယ်မှ ဦးမြင့်ဇော် (မိုးဇော်)၏ သား မောင်ဇွဲဝင်းအောင်၊ သဃ်န်းကျွန်းမြို့နယ်မှ ဦးဝင်းလှိုင် (မောင်ရတနာ)၏သား မောင်ဟိန်းဝင်းတိုး၊ သုံးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသည့် မင်းဘူး(စကု)မြို့နယ်မှ ဦးရွှေဌေး(စကု-ရွှေဌေး)၏သမီး မခိုင်ဇွန်သီ၊ ဗဟန်းမြို့နယ်မှ ဦးခင်စိုး (စိုးစိုး-ပန်းတောင်း)၏ သမီး မအေးသင်ထွန်း၊ မကွေးမြို့နယ်မှ ဦးစိန်လွင်(ကိုလွင်မောင်-ပညာရေး)၏သား မောင်မိုးသစ်ထွန်း၊ ရွှေပြည်သာမြို့နယ်မှ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦး(ငြိမ်း)(ဇော်မင်းမင်းဦး)၏ သမီး မဣန္ဒြာနီညိုဇော်၊ နေပြည်တော်ပျဉ်းမနားမှ ဦးထွန်းထွန်းစိုး(တနိုင်ခ)၏ သမီး မဘာရဏီဖြူစင်ထွန်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်သည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး(မောင်ဟေမာ) (အလင်္ကာဝတ်ရည်စာပေနှင့် အနုပညာလုပ်ငန်း)က ငွေကျပ်လေးသိန်းနှစ်သောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာသာထွန်းဦး(တူဒေးမီဒီယာဂရု)က ငွေကျပ်နှစ်သိန်းတစ်သောင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)(ရန်ကုန်မီဒီယာဂရု)က ငွေကျပ်နှစ်သိန်း၊ ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးခင်မောင်သန်း(ဇန်ဇန်)က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်မြင့်အေး(မောင်မောင်မြင့်အေး)နှင့် တွဲဖက်အတွင်းရေးမှူး(၃) ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)တို့က ငွေကျပ်ငါးသောင်းစီတို့ကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်ခ(တက္ကသိုလ်တင်ခ)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပညာရည်ချွန်ဆု ရရှိကြသူများကိုယ်စား မောင်ဟိန်းဝင်းတိုးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ထူးတစ်ဘာသာနှင့် နှစ်ဘာသာရရှိကြသူ ကျောင်းသား ကျောင်းသူ ခုနစ်ဦးတို့အား သက်ဆိုင်ရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များမှ တစ်ဆင့် ဆုငွေများ ပေးပို့ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)




## ဆုတံဆိပ်ချီးမြှင့်

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကျင်းပသည့် တတိယအကြိမ် ပညာရည်ချွန်ဆုပေးပွဲတွင် သုံးဘာသာဂုဏ်ထူးရှင် ရွှေပြည်သာမြို့နယ်မှ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦး(ငြိမ်း)(ဇော်မင်းမင်းဦး)၏သမီး မဣန္ဒြာနီညိုဇော်အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

## ပေးအပ်ချီးမြှင့်

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကျင်းပသည့် တတိယအကြိမ် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားတွင် ငါးဘာသာဂုဏ်ထူးရှင် တောင်ကြီးမြို့နယ်မှ ဦးဇော်မင်း(ဇော်မင်းသွင်)၏သား မောင်ဝဏ္ဏဇော်မင်းအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)




## ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ မိုးကောင်းမြို့နယ် ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေသည် အောက်တိုဘာ ၆ရက်တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နန်းခွင်ကျေးရွာ၊ ပွင့်ဖြူကျေးရွာ၊ ကုန်းတန်းကြီးကျေးရွာ၊ ပင်းဘောကျေးရွာ၊ အင်ကြင်းကုန်းကျေးရွာ၊ သိုက်ဝါးကုန်းကျေးရွာ၊ အုန်းဘောင်ကျေးရွာ၊ နမ္မနကျေးရွာနှင့် ဘောင်နီကျေးရွာများသို့လည်းကောင်း၊ အောက်တိုဘာ ၇ ရက်တွင် မန်ရွက်ကျေးရွာ၊ ပွန်သုံးလုံးကျေးရွာ၊ ဆားမှော်ကျေးရွာ၊ အင်းပေါင်းကျေးရွာနှင့် အောင်သာကျေးရွာများသို့လည်းကောင်း၊ အောက်တိုဘာ ၈ ရက်တွင် ကံလှကျေးရွာ၊ မြတောင်ကျေးရွာနှင့် နမ္မတီးကျေးရွာများသို့လည်းကောင်း သွားရောက်၍ ဒေသခံများနှင့် ရပ်မိ ရပ်ဖများအား တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၁၀-၂၀၀၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်း သာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဆိုပြိုင်ပွဲ
- ၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၀၀ ၆။ တေးဂီတအစီအစဉ်
- ၈း၁၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၂၀ ၈။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ် တေး/ခေတ်ဟောင်းတေး) အခြေခံ ပညာ ၅-၁၀နှစ် (အမျိုးသား)
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ အတီးပြိုင်ပွဲ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၄၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာကုဋေကုဋာ" (အပိုင်း-၁၁)**
- ၁း၂၅ ၆။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၂း၁၀ ၇။ "ပတ္တလားဝိညာဉ်"(အောင်ပြည့်၊ စောနိုင်(ရှမ်းပြည်)၊ ညီကျော်၊ ခင်ဦးသာ၊ ဂွမ်းပုံ) ဒါရိုက်တာ-ထူးအောင် (မြမြင်းမိုရ်)
- ၂း၃၀ ၈။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) အခြေခံပညာ ၅-၁၀နှစ် (အမျိုးသမီး)
- ၂း၄၅ ၉။ International News.
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
- ၄း၃၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၄း၄၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅း၀၀ ၆။ ဆင်းရတနာအထွက်ကောင်းစပါး စိုက်ကြစို့လား (အပိုင်း-၁)
- ၅း၁၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၅း၂၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၅း၅၀ ၉။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ခေတ်အကြိုက် တေးသီချင်းများ ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသား)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၁၂။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၆း၅၀ ၁၃။ အကပြိုင်ပွဲ
- ၆း၅၅ ၁၄။ ဧရာဝတီတိုင်းလမ်းကွန်ရက်တည်ဆောက်ရေး
- ၇း၀၅ ၁၅။ တေးဂီတအစီအစဉ်
- ၇း၁၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံယောဇဉ်နှောင်ကြိုး" (အပိုင်း-၃)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါး နတ်သမီးလေး" (အပိုင်း-၂၉)**
- ၂၁။ အစီအစဉ်ပြီး၏။

## တိရစ္ဆာန်လိမ္မာပြပွဲ ပြန်လည်တင်ဆက်မည်

**ရန်ကုန် အောက်တိုဘာ ၁၀**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ သီတင်းကျွတ်လပြည့်နေ့မှစ၍ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် တိရစ္ဆာန်လိမ္မာပြပွဲကို ပြန်လည်တင်ဆက်မည်ဖြစ်သည်။ ပြပွဲတွင် မျောက်လိမ္မာ၊ ဝက်ဝံလိမ္မာ၊ ခွေးလိမ္မာ၊ မြွေအလမ္ပာယ်ပြကွက်၊ ဆင်လိမ္မာတို့၏ ကကွက်များအပြင် အသက်(၃)နှစ် (၁၀)လအရွယ်ရှိ ဆင်မလေး မေသဲဖြူ၏ အမိန့်နာခံတတ်မှုကို အထူးအစီအစဉ်အဖြစ် ထည့်သွင်းကပြသွားမည်ဖြစ်သည်။

ယင်းနေ့တွင် လာရောက်လည်ပတ်ကြသော ကလေးငယ်များအတွက် ပျော်ရွှင်ဖွယ်ရာ ကစားနည်းအစီအစဉ်များ၊ အခမဲ့ချားနှင့် ရဟတ်အပါအဝင် ကံစမ်းမဲအစီအစဉ်များကိုပါ တင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၌ သီတင်းကျွတ် လပြည့်နေ့မှစ၍ စနေ၊ တနင်္ဂနွေ နှင့် အစိုးရ ရုံးပိတ်ရက် များ တွင် တိရစ္ဆာန် လိမ္မာပြပွဲကို ပြန်လည် တင် ဆက် မည်ဖြစ်ရာ ဆင်လိမ္မာ တစ် ကောင် ကို လေ့ကျင့်ပေးနေစဉ်။** (သစ်တော)

## ● ခေတ်မီနိုင်ငံသစ်မှ

နိုင်ငံတော်၏ စုစုပေါင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး ၁၃၈၅၃ ဘီလီယံကျပ်တွင် လယ်ယာကဏ္ဍသည် ၃၆ ဒသမ ၉၈ ရာခိုင်နှုန်းပါဝင်ပြီး ၅၁၂၂ ဒသမ ၈၄ ဘီလီယံကျပ် တန်ဖိုးထုတ်လုပ်ပေးလျက်ရှိသည်။

လယ်ယာကဏ္ဍသည် အခြားသော လူမှုစီးပွားရေးကဏ္ဍများနှင့် အခြေခံကျကျ ဆက်နွယ်အထောက်အကူပြုလျက်ရှိသည်။ လယ်ယာကဏ္ဍကိုအခြေခံ၍ အခြားသော စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လယ်ယာကဏ္ဍသည် အဓိကကျသည်။ ပဓာနကျသည်။ သို့အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ အဘက်ဘက်က ရင်းနှီးမြှုပ်နှံ ပံ့ပိုးပေးလျက်ရှိသည်။ လယ်ယာမြင့်မှ လူမှုစီးပွားတင့်မည်သာ ဖြစ်သည်။

လယ်ယာကဏ္ဍသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စားရေးကို တိုက်ရိုက်အကျိုးပြုလျက်ရှိသည်။ ဝတ်ရေးကို အထောက်အကူပေးလျက်ရှိသည်။ နေရေးကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ လူမှုစီးပွားရေးနယ်ပယ်၏ အဓိကသော့ချက်ပင်ဖြစ်သည်။ သို့အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အလေးထားမြှင့်တင် ဖော်ဆောင်ပေးလျက်ရှိသည်။ စွမ်းအားပြည့် အားမာန်အပြည့်ဖြင့် ကြိုးပမ်းလျက်ရှိသည်။ ၁၉၈၈ ခုနှစ်မှစ၍ အရှိန်အဟုန်ဖြင့် တာထွက်ခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ ရရှိနေပြီဖြစ်သည်။ လယ်ယာကဏ္ဍစွမ်းပကား ရလဒ်များပင်။ သီးနှံတစ်ခုချင်း၏ တိုးတက်မှုကို ဆန်းစစ်ကြည့်မည်ဆိုလျှင် စပါးသည် နိုင်ငံတော်၏ အဓိကရိက္ခာသီးနှံဖြစ်သည်။ စပါးကို ၁၉၈၈-၈၉ ခုနှစ်က စိုက်ဧက သန်း ၁၁ ဒသမ ၈၀ စိုက်ပျိုးခဲ့ပြီး စပါးစုစုပေါင်း အထွက်တင်း သန်းပေါင်း ၆၁၇ ဒသမ ၇၈ သန်းသာ ထွက်ရှိခဲ့သည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး၊ နွေစပါး စုစုပေါင်း စပါးစိုက်ဧက ၂၀ ဒသမ ၀၈ သန်းစိုက်ပျိုးခဲ့ပြီး စပါးစုစုပေါင်းအထွက် တင်းသန်းပေါင်း ၁၄၈၂ သန်းထိ ထွက်ရှိခဲ့သည်။ စပါးစိုက်ဧက ၈ ဒသမ ၂၈ သန်း တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီး စပါးတင်းသန်းပေါင်း ၈၆၄ ဒသမ ၂၂သန်း ပိုမိုထုတ်လုပ်ပေးနိုင်ခဲ့ပါသည်။ စပါး



**စပါးပိုမိုထွက်ရှိရေးအတွက် စိုက်ဧကတိုးချဲ့၍ မြေကွက်လပ်မကျန် စပါးများကို စိုက်ပျိုးလျက်ရှိစဉ်။**

ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ဧကတိုးချဲ့ခြင်း တစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ကျော် ထွက်ရှိအောင် စီမံခြင်းများကို အစဉ်တစိုက် ကြိုးပမ်းအားထုတ်နေဆဲပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ယခုအခါ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု ဦးဆောင်နိုင်ငံ (Leading Country)ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ပဲမျိုးပေါင်း ၁၇ မျိုးအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲပုပ်၊ ပဲလွမ်း၊ မြေထောက်ပဲ၊ ကုလားပဲတို့သည် ပြည်ပပို့ကုန် အဓိကပဲမျိုးများဖြစ်ပါသည်။

ပဲမျိုးစုံကို ၁၉၈၈-၈၉ ခုနှစ်က စိုက်ဧက ၁ ဒသမ ၈ သန်း စိုက်ပျိုးခဲ့ပြီး ပဲမက်ထရစ်တန်ချိန် ၂ ဒသမ ၇သိန်း ပြည်ပတင်ပို့နိုင်ခဲ့ပါသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စိုက်ဧက ၉ ဒသမ ၈၅ သန်း စိုက်ပျိုးခဲ့ပြီး မက်ထရစ်တန်ချိန် ၁ ဒသမ ၁ သန်း ပြည်ပတင်ပို့နိုင်ခဲ့ပါသည်။ ပဲမျိုးစုံ စိုက်ဧက ၈ ဒသမ ၀၅ သန်း တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီး ပဲမက်ထရစ်တန်ချိန် ၈ ဒသမ ၃သန်း ပြည်ပသို့ ပိုမိုတင်ပို့ပြီး နိုင်ငံခြားငွေ ရှာဖွေပေးနိုင်ခဲ့ပါသည်။ ပဲမျိုးစုံသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ် တင်ပို့နိုင်ရန်အတွက် စိုက်ဧကတိုးချဲ့ခြင်း၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲခြင်းနှင့် မတ်ပဲ တစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၂၀၊ ပဲတီစိမ်း တစ်ဧက ပန်းတိုင်အထွက်နှုန်း တင်း ၂၀၊ ပဲစင်းငုံ ပန်းတိုင်အထွက်နှုန်း ၂၅ တင်း သတ်မှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။



**မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၇ မျိုး စိုက်ပျိုးလျက်ရှိသည့်အနက် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရစဉ်။**

မြန်မာတို့၏ စားသုံးမှုဓလေ့အရ စပါးပြီးလျှင် ဆီထွက်သီးနှံသည် ဒုတိယအရေးပါသည့် သီးနှံဖြစ်သည်။ ဆီထွက်သီးနှံများအဖြစ် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းနှင့် ဆီအုန်းတို့ ဖြစ်ပါသည်။ ၁၉၉၆-၉၇ ခုနှစ်တွင် ဆီထွက်သီးနှံ (ဆီအုန်းမပါ) စိုက်ဧက ၄ ဒသမ ၄၁ သန်း စိုက်ပျိုးခဲ့ပါသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဆီထွက်သီးနှံ စိုက်ဧက ၇ ဒသမ ၄၃ သန်းထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ဧက ၃ ဒသမ ၀၂ သန်း ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆီအုန်းကို ၁၉၉၆-၉၇ ခုနှစ်တွင် စိုက်ဧက နှစ်သောင်းသာ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စိုက်ဧက ၂ ဒသမ ၀၂ သိန်းထိ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆီသီးခိုင် တန်ပေါင်း ၁ ဒသမ ၇၂ သိန်း ထွက်ရှိခဲ့ပါသည်။ ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် ဆီထွက်သီးနှံများ စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲခြင်း၊ သီးထပ်သီးညှပ်များ စိုက်ပျိုးခြင်း၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းများ ထွက်ရှိအောင် စီမံခြင်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အဓိက စက်မှုကုန်ကြမ်းသီးနှံများအဖြစ် ဝါ၊ ကြံ၊ ဂုန်လျှော်နှင့် ခြံစည်းရိုးကြက်ဆူတို့ကို စိုက်ပျိုးလျက်ရှိသည်။ ဝါသီးနှံကို ၁၉၉၆-၉၇ ခုနှစ်တွင် စိုက်ဧက ၈ဒသမ ၂၄ သိန်း စိုက်ပျိုးခဲ့ပြီး အထွက်ပိဿာ သိန်းပေါင်း ၁၀၂၉ ပိဿာ ထွက်ရှိခဲ့ပါသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဝါစိုက်ဧက ၈ ဒသမ ၇၄ သိန်းစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်ပိဿာ သိန်းပေါင်း ၁၆၄၂ ပိဿာ ထွက်ရှိခဲ့ပါသည်။

ကြံသီးနှံကို ပြည်တွင်းစက်မှုကဏ္ဍ သကြားစက်ရုံများအတွက် ကုန်ကြမ်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့ သကြားတိုးမြှင့်တင်ပို့၍ နိုင်ငံခြားငွေရှာဖွေပေးရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ၁၉၉၆-၉၇ ခုနှစ်တွင် ကြံစိုက်ဧက ၂ဒသမ၀၄ သိန်းစိုက်ပျိုးခဲ့ပြီး အထွက်တန်သိန်းပေါင်း တန် ၄၀ ထွက်ရှိခဲ့ပါသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ကြံစိုက်ဧက ၃ဒသမ ၆၉ သိန်းစိုက်ပျိုးခဲ့ပြီး အထွက်တန် သိန်းပေါင်း တန် ၈၀ ထွက်ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဓာတုဒီဇယ်နေရာ၌ ဇီဝဒီဇယ်ဖြင့် အစားထိုးသုံးစွဲနိုင်ရန်အတွက် ခြံစည်းရိုးကြက်ဆူကို စိုက်ဧက ၃ ဒသမ ၇၅ သိန်းထိစိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ပြည်နယ်၊ တိုင်း အသီးသီးတွင် သုံးနှစ်အတွင်း ဧကငါးသိန်းစီပြည့်မီအောင် စိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ မကြာမီ ဇီဝဒီဇယ်များ လှိုင်လှိုင်ထွက်ရှိလာတော့မည်ဖြစ်ပါသည်။

စိုက်ပျိုးမြေ တိုးချဲ့နိုင်ရေးအတွက် သီးထပ်သီးညှပ်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးလာရန်လိုအပ်ပါသည်။ ဤသို့စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေရရှိရေးသည် အဓိကအရေးပါသော အချက်တစ်ချက် ဖြစ်ပါသည်။

စိုက်ပျိုးရေရရှိရေးအတွက် ၁၉၈၈-၈၉ မှ ၂၀၀၈ ခုနှစ်နှစ်ကုန်ထိ ရေလှောင်တမံ၊ ရေထိန်းတံခါး အပါအဝင် ဆည်မြောင်းစီမံကိန်းကြီး ၂၀၈ ခုကို တည်ဆောက်ပေးခဲ့ပါသည်။ မြစ်ရေတင်စီမံကိန်း ၃၀၅ ခုနှင့် မြေအောက်ရေရရှိရေးလုပ်ငန်း ၇၅၇၈ ခုထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျေးလက်လူဦးရေ ၁၃ ဒသမ၉ သန်းအား သောက်သုံးရေအဖြစ် အကျိုးပြုပေးလျက်ရှိပါသည်။ ဤသို့စိုက်ပျိုး "ရေ" ရရှိရေးလုပ်ငန်းများ ကို တိုးမြှင့်ဖြည့်ဆည်းပေးနိုင်မှုကြောင့် ၁၉၈၈-၈၉ ခုနှစ် တွင် ရေသွင်းစိုက်ပျိုးနိုင်သည့်ဧရိယာ ၁၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းထိ မြင့်မားလာခဲ့ပါသည်။

လယ်ယာကဏ္ဍအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် စက်စွမ်းအားတိုးမြှင့်အသုံးပြုပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့ လယ်ယာလုပ်ငန်းခွင်တွင် ထွန်စက်ကြီး ၁၁၅၅၁ စီး၊ လက်တွန်းထွန်စက် ၁၁၀၀၂၄ စီး၊ စပါးခြွေစက် အလုံး ၂၈၃၄၀၊ စပါးရိတ်စက် အစီး ၃၂၂၀၊ ကြားပေါင်းလိုက်ကိရိယာ အလက် ၂၂၄၉၀၀၊ မျိုးစေ့ချကိရိယာ ၄၆၃၅၄ ခုနှင့် ရေစုပ်စက်ပေါင်း ၁၆၉၀၁၁၁ လုံး ဖြည့်ဆည်းပေးလျက် စက်စွမ်းအားပြည့် ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးဖြည့်ဆည်းကြိုးပမ်းပေးခဲ့သဖြင့် ၁၉၉၆-၉၇ ခုနှစ်တွင် သီးနှံအသားတင်စိုက်ဧက ၂၂ဒသမ ၉၂ သန်း စုစုပေါင်းစိုက်ဧက ၃၀ဒသမ ၄၂သန်း စိုက်ပျိုးခဲ့ပြီး သီးနှံစိုက်စွမ်းအား ၁၃၂ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၀၀၆-၂၀၀၇ ခုနှစ် တွင် သီးနှံအသားတင်စိုက်ဧက ၃၁ ဒသမ ၁၇ သန်း စုစုပေါင်း စိုက်ဧက ၅၀ ဒသမ ၄၂ သန်း စိုက်ပျိုးခဲ့ပြီး သီးနှံစိုက်စွမ်းအား ၁၆၁ဒသမ ၈ ရာခိုင်နှုန်းထိ သိသိသာသာ တိုးတက်မှုရရှိခဲ့ပါသည်။

ယခုအခါတွင် မြန်ပြည်အနှံ့ စိမ်းတစ်လှည့်၊ ညိုတစ်ချီ၊ ဝင်းမှည့်တချို့နှင့် စပါးခင်းကြီးများက ကွက်လပ်မကျန် နေရာယူလျက်ရှိနေပေပြီ။ တစ်မျှော်တစ်ခေါ် ရှုမဆုံး မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း စိုက်ခင်းကြီးများက လယ်ယာကဏ္ဍအားမာန်ကို ဖော်ကျူးလျက်ရှိနေပေပြီ။ ပြည်ပပို့ကုန် ပဲမျိုးစုံစိုက်ခင်းကြီးများကလည်း နိုင်ငံခြားငွေရှာဖွေပေးရေးအတွက် အားဖြည့်ပေးရန် အသင့်ရှိနေကြပေပြီ။ ဤသည်တို့ကား လယ်ယာကဏ္ဍ စွမ်းပကား၏ ရလဒ်များကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရခြင်းပင်ဖြစ်သည်။ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အာမခံချက် ပေးနေကြခြင်းပင်ဖြစ်ပါသည်။

မှန်ပါသည်။ လယ်ယာကဏ္ဍစွမ်းပကားများသည် **"ပြည့်အရေး စနစ်မှန်၊ အသစ်ဉာဏ် ဝေဖြာလှစ်လို့၊ အသစ်ကြွ ခေတ်မီနိုင်ငံတော်သစ်ကို၊ ရွှန်းသစ်စေတော့မည်"**မှာ မြေကြီးလက်ခတ်မလွဲဟုပင် ဆိုရပါတော့မည်။



**ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဆင်ဖုန်လျှပ်စစ်မြစ်ရေတင် (ဧက ၃၇၀၀)မှ နွေစပါးခင်းများသို့ ရေပေးနေစဉ်။**

## "အေးချမ်းခေတ်မီ မြန်မာပြည်" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**ရန်ကုန်   အောက်တိုဘာ   ၁၀**

၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"အေးချမ်းခေတ်မီ မြန်မာပြည်"** ဟူသောခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပခဲ့သည်။

အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၅၀ တို့က ပြိုင်ပွဲဝင်ဓာတ်ပုံ ၁၇၅ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု အောင်ကျော်ထွန်း (ပုသိမ်ကြီး)၊ ဒုတိယဆု သိန်းဦး (မြနန္ဒာ)၊ တတိယဆု ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)တို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ကိုကိုဆန်နီ(သိင်္ဂီရွှေရည်)၊ စောအောင်မင်း (နယူးအာရှ ဓာတ်ပုံ)၊ ဦးညွန့်ကြည်၊ ဝေကြည်မိုး(ရန်ကုန်တက္ကသိုလ်)၊ ညောင်ဦးဖိုးချို၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ A.K.Moe(သတ္တဗေဒ)၊ စိုင်းခမ်းလင်း (Hawk Eyes)၊ A.K.Moe (သတ္တဗေဒ) တို့က အသီးသီးဆုရရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ် မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း အရက်သေစာသောက်စား မောင်းနှင်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီအရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့်တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ခရီးတစ်ဝက်ကျိုးလာပြီဖြစ်သည့် တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ်(၉)

**အောက်တိုဘာ ၁၁၊ ၁၂**



**ဥရောပဇုန်နဲ့အတူ တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ်(၉)ကို အောက်တိုဘာ ၁၁ရက်(ယနေ့ည)နှင့် အောက်တိုဘာ ၁၂ရက်(တနင်္ဂနွေနေ့)တို့မှာ ကျင်းပမှာဖြစ်ပါတယ်။ တောင်အမေရိကဇုန် ခြေစစ်ပွဲများကို ကျင်းပလာတာ ပွဲစဉ်(၉)အထိပင် ရောက်ရှိလာပြီ ဖြစ်တာကြောင့် ခြေစစ်ပွဲခရီးတစ်ဝက်ကျိုးလာပြီလို့ ဆိုရမှာပါ။ ပွဲစဉ် (၈)အပြီးမှာ ပါရာဂွေးက ၁၇မှတ်နဲ့ ပထမ၊ ဘရာဇီး၊ အာဂျင်တီးနားနဲ့ ချီလီတို့က ၁၃မှတ်စီ အသီးသီး ရရှိထားကြပါတယ်။**

**ဝင်းတင်(ကြေးမုံ)**

### အာဂျင်တီးနား - ဥရုဂွေး

ဒီနှစ်သင်းဟာ ခြေစွမ်းချင်း ကွာခြားမှု သိပ်မရှိပေမယ့် ဥရုဂွေးကစားသမားများထက် အာဂျင်တီးနားရဲ့ မက်ဆီ၊ အဂူရိုနဲ့ တီဗက်ဇ်တို့က တစ်ဦးချင်း ခြေစွမ်းထက်မြက်ကြပါတယ်။ မက်ဆီနဲ့ အဂူရိုတို့ အတွဲဟာ တစ်ဖက်နောက်တန်းကို ကောင်းကောင်း ဒုက္ခပေးနိုင်သလို အာဂျင်တီးနားဟာ အိမ်ကွင်းမှာ ၇၅ရာခိုင်နှုန်းအထိ နိုင်ပွဲရရှိထားတဲ့အသင်းဖြစ်တာကြောင့် ယခုလည်း ပြိုင်ဘက် ဥရုဂွေးကို အိမ်ကွင်းမှာ အနိုင်ယူပြသွားဦးမှာပါ။

### ဘိုလီဗီးယား - ပီရူး

ဒီပွဲဟာ ဇယားအောက်ဆုံးက နှစ်သင်းတွေ့ဆုံတဲ့ပွဲ ဆိုပေမယ့် နိုင်တဲ့အသင်းအတွက် ခြေစစ်ပွဲ အောင်မြင်ရေး မျှော်လင့်ချက် ရှိနေသေးတာကြောင့် အကြိတ်အနယ် ရှိလာဦးမှာပါ။ ဒီနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုများမှာ ပီရူးက အနည်းငယ် အသာရထားတယ်ဆိုပေမယ့် ယခုကစားရမှာက ဘိုလီဗီးယားကွင်းပါ။

### ကိုလံဘီယာ - ပါရာဂွေး

အမှတ်ပေးဇယား အဆင့်(၆)မှာရှိနေတဲ့ ကိုလံဘီယာဟာ ဇယားထိပ်က ပါရာဂွေးနဲ့ ကစားရမှာဖြစ်တာကြောင့် အိမ်ကွင်းမှာ ခြေကုန်ထုတ်ကစားရတော့မှာပါ။ ကိုလံဘီယာ အိမ်ကွင်းဆိုပေမယ့် ဆန်တာခရုဇ်၊ ကာဒိုဇိုတို့ရှိနေတဲ့ ပါရာဂွေးကို အသာရဖို့က မလွယ်လှပါဘူး။ ဒါကြောင့် ဒီပွဲဟာ သရေပွဲဖြစ်နိုင်ပြီး နိုင်မယ်ဆိုရင်တော့ ဧည့်သည်ပါရာဂွေးတို့ပဲ ဖြစ်လာမှာပါ။

**တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဘရာဇီးနှင့် အီကွေဒေါတို့ ဆုံတွေ့ခဲ့စဉ်က ဘရာဇီးမှ ရော်ဘင်ဟို၏ ထိုးဖောက်ကစားဟန်။**

### ဗင်နီဇွဲလား - ဘရာဇီး

အဆင့်(၈)က ဗင်နီဇွဲလားဟာ အဆင့်(၂)က ဘရာဇီးကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာပါ။ ဘရာဇီးမှာ ကာကာ၊ ရော်ဘင်ဟို၊ပါတို၊ အက်ဒရီယာနိုတို့နဲ့ လူစုံပြန်လည်ပါဝင်လာမှာ ဖြစ်တာကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ တစ်ခါမှ မအောင်ဖူးသေးတဲ့ ဗင်နီဇွဲလားတို့ အစဉ်အလာကြီးမားတဲ့ ဘရာဇီးကို အရှုံးပေးရဦးမှာပါ။

### အီကွေဒေါ - ချီလီ

လက်ရှိခြေစစ်ပွဲ အနေအထားအရ အီကွေဒေါထက် ချီလီက ခြေအနည်းငယ်သာတယ်လို့ ဆိုရမှာပါ။ အဆင့်(၄)က ချီလီဟာ ရောက်ရှိနေတဲ့ အဆင့်က လျော့ကျမသွားရေး ကြိုးစားရမှာဖြစ်သလို အဆင့်(၇)ကို ရောက်နေတဲ့ အိမ်ရှင် အီကွေဒေါကလည်း ခြေစစ်ပွဲအောင်ရေးအတွက် ခြေကုန်ထုတ်ကစားလာမှာပါ။ ဒီပွဲဟာလည်း သရေပွဲဖြစ်ဖို့ ရာခိုင်နှုန်းများနေပါတယ်။

### တောင်အမေရိကဇုန်၏ပွဲစဉ်(၈)အပြီးရပ်တည်မှုအခြေအနေ

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ပါရာဂွေး | ၈ | ၅ | ၂ | ၁ | ၁၆ | ၆ | ၁၇ |
| ၂ | ဘရာဇီး | ၈ | ၃ | ၄ | ၁ | ၁၁ | ၄ | ၁၃ |
| ၃ | အာဂျင်တီးနား | ၈ | ၃ | ၄ | ၁ | ၁၁ | ၅ | ၁၃ |
| ၄ | ချီလီ | ၈ | ၄ | ၁ | ၃ | ၁၃ | ၁၂ | ၁၃ |
| ၅ | ဥရုဂွေး | ၈ | ၃ | ၃ | ၂ | ၁၆ | ၆ | ၁၂ |
| ၆ | ကိုလံဘီယာ | ၈ | ၂ | ၄ | ၂ | ၄ | ၇ | ၁၀ |
| ၇ | အီကွေဒေါ | ၈ | ၂ | ၃ | ၃ | ၁၀ | ၁၄ | ၉ |
| ၈ | ဗင်နီဇွဲလား | ၈ | ၂ | ၁ | ၅ | ၉ | ၁၃ | ၇ |
| ၉ | ပီရူး | ၈ | ၁ | ၄ | ၃ | ၅ | ၁၆ | ၇ |
| ၁၀ | ဘိုလီဗီးယား | ၈ | ၁ | ၂ | ၅ | ၈ | ၂၀ | ၅ |

## မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများ မိုးထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၁၀

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ထားဝယ်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ကလေးဝမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၇၉ လက်မ နှင့် ကသာမြို့တွင် ၀ ဒသမ ၇၅ လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**အောက်တိုဘာ ၁၁ရက်ညနေထိ ခန့်မှန်းချက်။** ။ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**အောက်တိုဘာလ ဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။** ။လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၃ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၉၂ဒီဂရီဖာရင်ဟိုက်) ၉-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၂ဒီဂရီဖာရင်ဟိုက်) ၁၀-၁၀-၂၀၀၈

၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၅ ရာခိုင်နှုန်း ၁၀-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း ၅ ဒသမ ၄ နာရီခန့် ၉-၁၀-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၀-၁၀-၂၀၀၈ | မရှိပါ | ၁မမ (၀ဒသမ၀၄လက်မ) | မရှိပါ |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၅၀၇မမ (၉၈ဒသမ၇၀လက်မ) | ၂၇၈၅မမ (၁၀၉ဒသမ ၆၈လက်မ) | ၃၂၃၀မမ (၁၂၇ဒသမ ၁၆လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၉-၁၀-၂၀၀၈ ရက် ၁၅း၃၀နာရီတွင် အရှေ့တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်းတိုက်ခတ်သည်။

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၄) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ ညွန့်ဝေ(ကသာ)၊ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မြတ်ဘုန်း(တပ်ကုန်း)၊ ကြူကြူသင်း၊ တက်လူ၊ မောင်သျှင်နှောင်း၊ နွေသင်နိုင်၊ သန်းဝင်းထွန်း(ဆွာ)၊ မင်းနေလတို့၏ အဖွင့်ကဗျာများ။ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ သက်သက်သင်း(ပညာရေး)၊ မြင်းခြံကျော်အောင်၊ စစ်ကိုင်းစိမ်းစိမ်း၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ နှင်းဆီနွယ်(ချောင်းဆုံ) တက္ကသိုလ်စိုးယဉ်၊ ကိုသက်(ဇီးကုန်း)၊ ချမ်းမြဆောင်(ကလော)၊ မြတ်ဦး၊ ကျော်ဇေယျာလှိုင်(စီးပွားရေးတက္ကသိုလ်)၊ မောင်နွယ်သန်း၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ဇီးကုန်းဇော်ဝင်းမောင်၊ မောင်နန္ဒာ(မန္တလေး)၊ မောင်မောင်ကျော့(ပလက်ဝ)၊ ဇင်မင်း(သမိန်ထော)၊ စေတနာလှိုင်(ရေစကြို)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြတ်လေးမြင့်၊ အောင်လျှမ်းဝေ၊ မြမြလှိုင်၊ သက်ဦးနိုင်(မြဝတီ)၊ ရဲတင့်၊ ညိုလွမ်းအောင်၊ မမ(တရားရေး)၊ စိုးစံ၊ ရွှေကိုဦး၊ မင်းဦး(ဒဿန)၊ ဟာမိုနီတို့၏ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်၊ ပြဇာတ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ မှတ်သားစရာ သတ်ပုံကဗျာ၊ တောခလေ့ စာပန်းချီ၊ ကဗျာပန်းရုံရိပ်များဖြင့် သုတ၊ ရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ၊ ကုန်သည်လမ်း၊ ရန်ကုန်၊ ဖုန်း-၃၇၄၅၃၂။ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၈ ခုနှစ် အောက်တိုဘာလအတွက်**

(၁၂-၁၀- ၂၀၀၈) ရက်နေ့

နှင့်

(၂၆-၁၀-၂၀၀၈)ရက်နေ့

**ဇီဝမျိုးစုံ**

**မျိုးကွဲတွေ**

**ကြွယ်စေဖို့**

**သဘာဝတောတွေ**

**ထိန်းသိမ်းစို့**

## ၂၀၀၈ခုနှစ် အာဆီယံ အမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ

## လက်ရှိချန်ပီယံမြန်မာအသင်းက မလေးရှားအသင်းကို ခြေစွမ်းပြပြီးအနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၀၈ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက ခြေစွမ်းပြပြီး မလေးရှားလက်ရွေးစင်ဘောလုံးအသင်းကို အနိုင်ရရှိသည်။

(က)အုပ်စုမှ လက်ရှိချန်ပီယံမြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် ပြိုင်ဘက်မလေးရှားလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ဒေသစံတော်ချိန် ညနေ ၅နာရီ ၄၅မိနစ်တွင် ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ မြန်မာအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း၇မိနစ်နှင့် ၂၆မိနစ်တွင် အေးနန္ဒာလှိုင်က ပထမဂိုးနှင့်ဒုတိယဂိုးတို့ကိုလည်းကောင်း၊ ၂၇မိနစ်တွင် မိုင်နီလာထွေးက တတိယဂိုးကိုလည်းကောင်း၊ ၄၁မိနစ်တွင် စန်းစန်းသိန်းက စတုတ္ထဂိုးကိုလည်းကောင်း သွင်းယူပြီး ပထမပိုင်းတွင် မြန်မာအသင်းက လေးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားခဲ့သည်။

ဒုတိယပိုင်းပြန်ကစားသောအခါ ၄၉မိနစ်နှင့် ၇၅မိနစ်တွင် မိုင်နီလာထွေးကပင် ပဉ္စမဂိုးနှင့် ဆဋ္ဌမဂိုးကိုလည်းကောင်း၊ မိုးမိုးဝါက ၇၆မိနစ်တွင် သတ္တမဂိုးကိုလည်းကောင်း သွင်းယူကြပြီး မြန်မာအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အောက်တိုဘာ ၁၂ရက် ညနေပိုင်းတွင် လက်ရှိချန်ပီယံ မြန်မာအသင်းနှင့် လာအိုအသင်းတို့ (က)အုပ်စုတတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မိန့်ခွန်းပြောကြား**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂုဏ်ပြုညစာစားပွဲတွင် မိန့်ခွန်းပြောကြားစဉ်။**
(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီး ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံ

နေပြည်တော် အောက်တိုဘာ ၁၀

**ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Moeen U. Ahmed နှင့် ဇနီးတို့က အောက်တိုဘာ ၈ ရက် ည ၈ နာရီတွင် ဒါကာတပ်မြေရှိ Senakunja ဧည့်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**



အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံစစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Moeen U. Ahmed နှင့် ဇနီးတို့နှင့်အတူ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

**ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Moeen U.Ahmed ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ဆက်မိန့်ခွန်း ပြောကြားစဉ်။** (သတင်းစဉ်)





## ခေတ်မီနိုင်ငံသစ်ကို ရှုန်းသစ်စေမည့် လယ်ယာကဏ္ဍစွမ်းပကား

မြန်မာနိုင်ငံတွင် သဘာဝရေမြေ အခြေအနေကောင်းတို့ဖြင့် ပြည့်လျှမ်းနေပြီး သယံဇာတတို့ဖြင့် ကြွယ်ဝနေသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍများကို ဆောင်ရွက်သလောက် အောင်မြင်မှုသရဖူဆောင်းလျက်ရှိသည်။ စီးပွားရေးကဏ္ဍများအနက် လယ်ယာကဏ္ဍသည် ပင်မစီးပွားရေးလုပ်ငန်းပင်ဖြစ်သည်။ သို့အတွက် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●**

**သတင်းဆောင်းပါး**
**အောင်ဆန်း(စိုက်ပျိုးရေး)**

**ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ငမိုးရိပ် ရေထိန်းတံခါးကို တွေ့ရစဉ်။**




✳ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

✳ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့ အသုံးဝင်။

✳ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။